မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးနောက် ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်

ပြည်သူ့လွှတ်တော်၏ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရန်သတ်မှတ်မှုသည် လျော်ကန်သင့်မြတ်

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် မိမိတက်ရောက်နေသော အစည်းအဝေးတစ်ခုခုတွင် ထောက်ခံသည့်ဘက်ကိုဖြစ်စေ၊ ကန့်ကွက်သည့်ဘက်ကိုဖြစ်စေ ဆန္ဒမဲမပေးဘဲ နေပိုင်ခွင့်ရှိ

ရန်ကုန် အောက်တိုဘာ ၁၃

အောက်တိုဘာ ၁၁ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် "ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်"အခန်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြသွားရာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၄ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"အမျိုးသားညီလာခံက ဥပဒေပြုရေးနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများ ချမှတ်ရာမှာ 'နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်' ဆိုတဲ့ အခြေခံမူချမှတ်ခဲ့ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က ပြည်ထောင်စုလွှတ်တော်မှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ ပါဝင်ကြောင်း အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

အဲဒီလို ချမှတ်ပြီးတဲ့မူများအရ ပြည်ထောင်စုလွှတ်တော်မှာပါဝင်တဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ကို သီးခြားစီဖွဲ့စည်းထားရှိပေမယ့် လွှတ်တော်များရဲ့ အဓိကလုပ်ငန်းတာဝန်ဖြစ်တဲ့ ဥပဒေပြုခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရတဲ့အခါမှာတော့ လွှတ်တော်(၂)ရပ်ဟာ အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်ကြရပါတယ်။

ဒါ့ကြောင့် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပုံများဟာ အတတ်နိုင်ဆုံးတူညီဖို့ လိုအပ်ပါတယ်။ ဒီလိုတူညီဖို့ လိုအပ်တဲ့အတွက် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းပိုင်းနဲ့စပ်လျဉ်းပြီး တစ်ပေါင်းတည်းတင်ပြလိုပါတယ်"

လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်တင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြုရေးအခန်းမှာပါဝင်ရမယ့် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနဲ့စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

စာမျက်နှာ ၆ ကော်လံ ၁ ●

အလှည့်ကျသဘာပတိအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အလှည့်ကျသဘာပတိအဖွဲ့ဝင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အလှည့်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီး ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိရှိ ပါဝင်ကြိုးပမ်းနေ

နိုင်ငံတော်အစိုးရသည် အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် ဆေးရုံများ၊ ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများကို နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများအထိ တစ်နိုင်ငံလုံး တိုးချဲ့ ဖြန့်ကြက် ဖော်ဆောင်ပေးလျက်ရှိသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်စေရန် တည်ရှိပြီး ဆေးရုံများကို အဆင့်မြှင့်တင်ပေးမှုများ၊ ခုတင်(၃၀၀)ဆံ့၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများအပါအဝင် အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်က ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြင့်မားစွာ ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်းသည် သိသာထူးခြားစွာ တိုးတက်မြင့်မားလာခဲ့ပြီဖြစ်သည်။ ယခင်အခါက ပြည်သူများကို ဒုက္ခပေးခဲ့သည့် ရောဂါဆိုးကြီးများကိုပင် ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

သာဓကအားဖြင့် တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် အိပ်ချ်အိုင်ဗွီ–အေအိုင်ဒီအက်စ်ရောဂါ များနှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သည့် မှတ်တမ်းများအရ ယင်းရောဂါ သုံးမျိုးစလုံးသည် မြန်မာနိုင်ငံ၌ ဖြစ်ပွားမှုလျော့ကျလာခဲ့ပြီး အချို့အိမ်နီးချင်းနိုင်ငံများထက်ပင် ဖြစ်ပွားမှုနှုန်း လျော့နည်းနေသည်ကို တွေ့နိုင်သည်။

နိုင်ငံတော်ကိုဆန့်ကျင်နေသည့် ပြည်တွင်းပြည်ပအဖျက်သမားများသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက ပေးအပ်လာမည့် ဖွံ့ဖြိုးရေးအကူအညီများကိုသာမက လူသားချင်း စာနာထောက်ထားမှု အကူအညီများကိုပါ ပိတ်ဆို့ဟန့်တားလျက်ရှိသည်။ ပြည်ပမှ အကူအညီများ ပြန်လည်နုတ်ထွက်သွားအောင် ဖိအားပေးနေသည့်အပြင် နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်။

ဖြူစင်သန့်ရှင်းမွန်မြတ်လှသည့် လူမှုရေးကူညီစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံရေး ပယောဂ စွက်ဖက်နှောင့်ယှက်နေသည်များ၊ နိုင်ငံရေးလှုပ်ရှားမှုအသွင်ဖြင့် အမြတ်ထုတ်ဆောင်ရွက်နေသည်များ သည် ပြည်သူများအပေါ် စာနာထောက်ထား ငဲ့ညှာမှုမရှိသည့် လုပ်ဆောင်ချက်များပင်ဖြစ်သည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိရှိ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြသည်နှင့်အမျှ လုပ်ငန်းများ ပိုမို အောင်မြင်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စီမံကိန်းလုပ်ငန်းများ လျာထားချက်အမီ ပြီးပြတ်အောင်ဆောင်ရွက် စက်မှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများကို စက်မှုလုပ်ငန်းအထောက်အကူပြုမည့် ခေတ်မီပညာရပ်များထည့်သွင်းရေးဆွဲ

နေပြည်တော် အောက်တိုဘာ ၁၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၉ရက် နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံ မြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်မှုလုပ်ငန်း၏ စက်မှုသင်တန်းကျောင်း (မန္တလေး) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဝင်းက စီမံကိန်းအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လမ်းများခင်းကျင်းပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စက်မှုသင်တန်းကျောင်း(မန္တလေး)ခေတ္တကျောင်းအုပ်ကြီး ဦးကျော်စွာသိမ်းက သင်ကြားရေးဆိုင်ရာအချက်အလက်များနှင့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲထားရှိမှု၊ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးထားရှိမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို လျာထားချက်အမီ ပြီးပြတ်အောင်ဆောင်ရွက်ရန်၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်နှင့် သင်တန်းကျောင်းအတွက် စက်ပစ္စည်းများ ရောက်ရှိပါက တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်၊ စက်မှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတော်၏ စက်မှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် ခေတ်မီပညာရပ်များကို ထည့်သွင်းရေးဆွဲရန်၊ ယင်းသို့ ရေးဆွဲရာတွင် ဆက်နွှယ်လျက်ရှိသည့် အခြားဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ သင်ကြားမှု အထောက်အကူပြု ပစ္စည်းများနှင့် ပရိဘောဂများ ကြိုတင်ဆောင်ရွက် ထားရှိရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည်စက်မှုသင်တန်းကျောင်း(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အဆိုပြုလွှာပေး၊ ငွေပဒေသာပင်စိုက်ထူ

ရန်ကုန် အောက်တိုဘာ ၁၃

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အဆိုပြုလွှာပေးအပ်ခြင်း၊ ငွေပဒေသာပင်စိုက်ထူခြင်း၊ အမျိုးသမီးများအား အသိပညာပေး ဟောပြောခြင်း အခမ်းအနားကိုစက်တင်ဘာ ၂၅ ရက်က မော်လမြိုင်မြို့ရှိ ပညာရေးကောလိပ်၌ ကျင်းပရာ ရှေးဦးစွာ မော်လမြိုင်ပညာရေးကောလိပ်မှသင်တန်းသူ ၂၅၀ တို့၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးထံ ပေးအပ်ကြသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်နှင့် အဖွဲ့ဝင် ဒေါ်ခင်စောဝင်းတို့က အမျိုးသမီးငယ်များ လွဲမှားသော အယူအဆများမရှိစေရန်တို့အတွက် လည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်မြမြဝိုင်းက လူမှောင်ခိုနှင့် လူကုန်ကူးမှု အသိပညာပေးခြင်းကို လည်းကောင်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်မြင့်နွယ်က အမျိုးသမီးများ၌ ဖြစ်ပွားတတ်သော ရင်သားနှင့်သားအိမ်ကင်ဆာအကြောင်းကို လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မော်လမြိုင်ပညာရေးကောလိပ်သို့ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးနှင့် မိသားစုက ငွေကျပ်သုံးသိန်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ကငွေကျပ်နှစ်သိန်းစီ **(အပေါ်ပုံ)**၊ အဖွဲ့ဝင် ဒေါ်ခိုင်ခိုင်ဝင်း (ဇဝရတ် ရွှေဆိုင်)မိသားစုက ငွေကျပ်တစ်သိန်း၊ အဖွဲ့ဝင် ဒေါ်ခင်စောဝင်း မိသားစုက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မော်လမြိုင်ပညာရေး ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ယဉ်ယဉ်မြတ်ကလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံစစ်ဆေး စက်စွမ်းအားပြည့်လည်ပတ်ရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် အောက်တိုဘာ ၁၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ပုပ္ပားနှင့် နှစ်မိုင်ခန့်အကွာ ငါးရန့်ကုန်းရွာ အနီးရှိ သဘာဝ ပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံသို့ အောက်တိုဘာ ၈ရက် မွန်းလွဲပိုင်းက ရောက်ရှိပြီး Screw Conveyor များပြုပြင်ထားရှိမှု၊ ပိုဇိုလန်ကြိတ်ခွဲနိုင်မှုနှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပိုဇိုလန်အခြောက်လှန်း ဂိုဒေါင်များသို့ သွားရောက်၍ AC Lighter များဖြင့် ပိုဇိုလန်အခြောက်လှန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အန္တရာယ်ကင်းရေးဂရုပြု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကုန်ချောသိုလှောင်သည့် ကွန်ကရစ်ဆိုင်လို (Fine Storage Silo) တန်(၁၇၅၀) ဆိုင်လိုလေးလုံးကိုကြည့်ရှုစစ်ဆေး၍ ဝန်ကြီးနှင့်အဖွဲ့သည် ထုတ်လုပ်ပြီး သဘာဝပိုဇိုလန် ကုန်ချောများ ထုပ်ပိုးထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး စက်ရုံမှတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ စက်စွမ်းအားပြည့် လည်ပတ်ရေးနှင့် အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေပဒေသာပင်

ဦးရွှေရင်အားရည်စူး၍ ခြံအမှတ် ၂ အောင်ဓမ္မရိပ်သာလမ်း လှိုင်မြို့နယ်နေ သီဟရာဇာကုမ္ပဏီမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က–ပ)

မြန်မာ့စံမြန်မာ့မှုနဲ့ ပြောင်းလဲတိုးတက်နေတဲ့မူဝါဒလမ်းစဉ်(၇)ရပ်ကို

ဘယ်ပြည်ပဖိအားနဲ့မှ မတားဆီးနိုင်

နိုင်ငံအသီးသီးတို့ဟာ မိမိတို့ရဲ့ ပကတိလူမှုဘဝနဲ့အညီသာ ဖြစ်ပေါ်တိုးတက်လေ့ရှိပါတယ်။ ဒါကြောင့်လည်း နိုင်ငံအသီးသီးတို့ဟာ ကိုယ့်ပြည်တွင်းရေးကို ကိုယ့်ဘာသာ လွတ်လပ်စွာ ဖန်တီးကြတာ ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံ တပ်မတော်အစိုးရဟာလည်း ပြည်တွင်းရဲ့အားဟာ ပြည်တွင်းမှာသာရှိတယ်ဆိုတဲ့ ခံယူချက်၊ ယုံကြည်ချက်နဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို မနားမနေ အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။

ပြည်ပအားကိုး အဆိုးမြင်ဝါဒီများနဲ့ ပြည်ပသြဇာခံများကတော့ အရာရာမှာ ပြည်ပကိုသာ အားကိုးလေ့ရှိပါတယ်။ ပြည်တွင်းရေး မှန်သမျှကို အဆိုးမြင်လေ့ရှိပါတယ်။ ဒါကြောင့် မိမိပြည်တွင်းရေးကို ပြည်ပဝင်ရောက်စွက်ဖက်မှုတွေ၊ ပြည်ပကတစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ အရေးယူမှု၊ အကျပ်ကိုင်ဖိအားပေးမှုတွေ၊ မြန်မာ့အရေးကို လုပ်ကြံပုံကြီးချဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါသို့ ဆွဲသွင်းမှုတွေကို ကိုယ်တိုင်ကြိုးပမ်းအားပေးပြီး၊ ဝမ်းသာအားရ ထောက်ခံလေ့ရှိပါတယ်။ ဒါတွေဟာ အမျိုးသားရေး သစ္စာဖောက်များရဲ့ အဖျက်လုပ်ရပ်တွေသာ ဖြစ်ပါတယ်။

အဲဒီလို တပ်မတော်အစိုးရ ရှေ့ဆောင်တဲ့ ပြည်တွင်းအားဟာ ပြည်တွင်း မှာသာရှိတယ်လို့ ခံယူတဲ့ အမျိုးသားအင်အားစုကြီးနဲ့ အမျိုးသားရေး အပေါ် ပြည်ပအားကိုး အဆိုးမြင်နေတဲ့ အမျိုးသားရေး သစ္စာဖောက် အဖျက်အုပ်စုတွေရဲ့ ပဋိပက္ခအသွင်မှာ ပြည်ပအားကိုး အဆိုးမြင် အဖျက် အုပ်စုတွေ ဘယ်တော့မှ မအောင်မြင်နိုင်ဆိုတဲ့ နောင်ကြဉ်စရာ သမိုင်း သင်ခန်းစာများ ရှိခဲ့ပါတယ်။ ထင်ရှားတဲ့ သမိုင်းသင်ခန်းစာ တစ်ခုကို ပြရမယ်ဆိုရင် လွတ်လပ်ရေးရဖို့ တစ်နှစ်အလို လွတ်လပ်ရေး ကြိုးပမ်းမှု ပျက်ပြားအောင် ၁၉၄၇ခုနှစ် ဇူလိုင်လ ၁၉ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများကို ပြည်ပအားကိုး အဆိုးမြင်ဝါဒီတစ်စုက ရက်စက်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်။ ဒါပေမယ့် မြန်မာ တစ်မျိုးသားလုံးရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုကို နယ်ချဲ့သမားနဲ့ သြဇာခံတွေ ဘယ်လိုမှ မတားဆီး၊ မနှောင့်ယှက်နိုင်ခဲ့ဘူး။ မြန်မာတစ်မျိုးသားလုံးရဲ့ စွမ်းအားကြောင့် ၁၉၄၈ခုနှစ်မှာ လွတ်လပ်ရေးရခဲ့တယ်။ နယ်ချဲ့သမားနဲ့ အပေါင်းပါတွေသာ မြန်မာ့မြေပေါ်က ဆုတ်ခွာသွားခဲ့ရတယ်။

ဒီကနေ့လို စစ်အေးတိုက်ပွဲလွန်ကာလမှာ နိုင်ငံတကာတွင် အင်အားလွန် နိုင်ငံကြီးအချို့ရဲ့ အင်အားသုံး ဗိုလ်ကျစိုးမိုးရေး၊ တစ်ဖက်သတ် အင်အားသုံး လက်ဝါးကြီးအုပ် အမြတ်ထုတ်ရေးဝါဒ အန္တရာယ်တွေ ကြုံလာရပြန်တယ်။ မှားသည်၊ မှန်သည်၊ တရားသည်၊ မတရားသည် ဘေးချိတ်ထားပြီး အင်အားသုံး အကျပ်ကိုင်ရေး၊ အင်အားသုံးကျူးကျော်ဝင်ရောက်ရေး၊ အင်အားသုံး အနိုင်ယူရေးတွေကို ရှေ့တန်းတင်ကျင့်သုံးနေပါတယ်။ အဲဒီလို တစ်ချိန်က အင်အားသုံး အနိုင်ကျင့်ကျူးကျော်ခဲ့တဲ့ နယ်ချဲ့စနစ်ဆိုးဟာ ကမ္ဘာမှာ ကျဆုံးခဲ့ကြပြီး ဖြစ်ပါတယ်။ တစ်ကိုယ်ကောင်း ဗိုလ်ကျစိုးမိုးရေးဝါဒဟာ နိုင်ငံတကာအလယ်မှာ ဘယ်လိုမှ ရေရှည်မရပ်တည်နိုင်ဘူးဆိုတဲ့ သင်ခန်းစာ ဖြစ်ပါတယ်။

ဒါပေမယ့် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေဟာ သူတို့ 'အနောက်အရင်းရှင်အုပ်စုနဲ့ အရှေ့ဆိုရှယ်လစ်အုပ်စုတို့ အားပြိုင်ခဲ့တဲ့ စစ်အေးတိုက်ပွဲမှာ အရှေ့ဆိုရှယ်လစ်အုပ်စုကြီး ကျဆုံးသွားမှုအပေါ် သွေးနားထင်ရောက်ပြီး အခုလိုတစ်ကျော့ပြန် ခေါင်းထောင်လာတာ ဖြစ်တယ်။ ဒါ့အပြင် ကမ္ဘာကြီးတစ်ခုလုံးကို အလွယ်တကူ သူတို့လိုတဲ့ ပုံသွင်းနိုင်ပြီလို့ မှားယွင်းစွာ တွက်ဆလာပါတယ်။ အနောက်ပုံစံနဲ့ တစ်ကမ္ဘာလုံးကို အကျပ်ကိုင်ပြီး အနောက်ပုံစံဖြစ်အောင် ဖန်တီးဖို့ ဖြစ်ပါတယ်။

တရုတ်ပြည်ကိုပင် ၎င်းတို့အလိုကျ အနောက်ဒီမိုကရေစီပုံတူသွင်းဖို့ ကြိုးပမ်းလာခဲ့တယ်။ ဘက်ပေါင်းစုံအောင်လည်း အကျပ်ကိုင်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း တရုတ်ပြည်ဟာ အမေရိကန်နဲ့အနောက်အုပ်စု အပေါင်းပါတွေ လိုသလို ဖြစ်မလာဘဲ တရုတ်ပြည်ရဲ့ ပကတိလူမှုဘဝနဲ့အညီသာ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးပုံစံသို့ ပြောင်းလဲတိုးတက်လာခဲ့တယ်။ တရုတ်ပြည်ရဲ့ ဈေးကွက်စီးပွားရေးအပေါ် အမေရိကန်နဲ့အနောက်အုပ်စု အပေါင်းပါတွေ အလိုမကျသော်လည်း ကမ္ဘာမှာ လျှမ်းလျှမ်းတောက် အောင်မြင်လာတဲ့အတွက် အလျှော့ပေးဆက်ဆံလာခဲ့ရတယ်။ ဒီကနေ့မှာတော့ ထုတ်ကုန်ချင်း ဈေးကွက်ယှဉ်ပြိုင်ရာမှာ တရုတ်ပြည်က အသာစီးရနေပါတယ်။ တရုတ်ပြည်က ကုန်သွယ်ရေး ပိုငွေတွေပြပြီး အမေရိကန်နဲ့ အနောက်နိုင်ငံများက ကုန်သွယ်ရေးလိုငွေပြလာနေပါတယ်။ ပညာရေး

အောင်မိုးစံ

ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၉၉၀ပြည့်နှစ်များ တစ်လျှောက်လုံး ဘွဲ့ကြိုနဲ့ကောလိပ်အဆင့် ဒီဂရီများအတွက် ကျောင်းသားဝင်ရောက်မှု ပမာဏဟာ အမေရိကန်ပြည်ထောင်စုက တရုတ်တို့ထက် လေးဆခန့် မြင့်မားနေပြီး ၂၀၀၁ခုနှစ်အရောက်မှာတော့ တရုတ်ပြည်က အမေရိကန်ပြည်ထောင်စုထက် ကျောင်းသားသစ်ဝင်ရောက်မှု ပထမဦးဆုံးမြင့်တက်ကျော်လွန်လာခဲ့ပါတယ်။ ၂၀၀၅ခုနှစ်မှာ တရုတ်ပြည်ဟာ အမေရိကန်ပြည်ထောင်စုထက် နှစ်ဆပင်ရှိသွားခဲ့တယ်။ ၂၀၀၄ခုနှစ်မှစပြီး တရုတ်ပြည်ရဲ့ ဘွဲ့ရနဲ့ အခြားအလားတူ ဒီဂရီရလူဦးရေဟာ နှစ်စဉ်အမေရိကန်တို့ထက် ကျော်လွန်လာခဲ့တယ်။ ၂၀၀၈ခုနှစ်အရောက်မှာ နှစ်ဆအထိ ကြီးမားသွားနိုင်မယ်ဖြစ်ပြီး မဟာနဲ့ပါရဂူတန်းအောင်မြင်သူများ တိုးတက်မှု အလားအလာဟာလည်း မကြာမီအနာဂတ်မှာ ဒီအတိုင်းဖြစ်လာစရာရှိနေပါတယ်။

ဒါ့ကြောင့် ရေရှည်အနာဂတ်ကာလတွင် အမေရိကန်မှာ ပါရမီရှင် တစ်ယောက်ပေါ်တိုင်း တရုတ်ပြည်မှာ လေးယောက်ပေါ်လာဖို့ အခြေအနေ ရှိလာတယ်။ စီးပွားရေးနဲ့ တီထွင်နိုင်စွမ်းတို့ဟာ ထူးချွန်တဲ့ပညာရှင်ဦးရေ စုစုပေါင်းအပေါ်မှာ တည်နေမယ်ဆိုရင် ပထဝီအရ၊ အမျိုးသားရေးအရ၊ ယဉ်ကျေးမှုအရ၊ ဒါမှမဟုတ် ဘာသာစကားအရ၊ တရုတ်ပြည်ဟာ စီးပွားရေး ဆက်လက်ဖွံ့ဖြိုးပြီး ရေရှည်မှာ တီထွင်နိုင်စွမ်းကြီးမားဖို့ အကောင်းဆုံးအနေအထားတွင်ရှိနေတယ်လို့ ပညာရှင်တို့က သုံးသပ်ပါတယ်။

အီရတ်နိုင်ငံကို အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေက ကုလသမဂ္ဂပဋိညာဉ်ကို ဖောက်ဖျက်ကျူးကျော်ခဲ့။ အခုလို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေ ကျူးကျော်ပြီး ကိုယ်တိုင်ကိုယ်ကျ အနောက်ဒီမိုကရေစီထူထောင်ပေးနေတဲ့ အီရတ်နိုင်ငံမှာ ပြည်သူတွေ နေ့စဉ်သွေးမြေကျ သေပွဲဝင်နေရမှု၊ ဒုက္ခကြီးစွာ ကြုံနေရမှုစတဲ့ လောကငရဲဘုံလိုသာ ဖြစ်နေ။ ဒါဟာလည်း အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေ ထင်သလို ဖြစ်မလာတဲ့ ကြောက်မက်ဖွယ်ရာ အီရတ်သင်ခန်းစာဖြစ်။

အမေရိကန်နဲ့အနောက်အုပ်စုအပေါင်းပါတွေဟာ အီရတ်နိုင်ငံကိုလည်း လူအစုလိုက် အပြုံလိုက်သေစေနိုင်တဲ့ ဖျက်အားပြင်းလက်နက်တွေရှိတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံရဲ့ လုံခြုံရေးအတွက်ရော၊ နိုင်ငံတကာလုံခြုံရေးအတွက်ပါ စိုးရိမ်နေရတယ်ဆိုတဲ့ လုပ်ကြံဖန်တီးမှုနဲ့ စစ်အင်အားသုံး ကျူးကျော်ဝင်ရောက်ခဲ့ပါတယ်။ ဒါပေမယ့် အီရတ်မှာ သူတို့ပြောတဲ့ လက်နက်တွေ လုံးဝမရှိဘူး။ အဲဒီတော့ အီရတ်နိုင်ငံမှာ လူ့အခွင့်အရေး ဒီမိုကရေစီရေး ထွန်းကားဖို့အတွက် ဝင်ရောက်ကျူးကျော် တာပါလို့ အကြောင်းပြပြန်တယ်။ **အီရတ်နိုင်ငံကို အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေက ကုလသမဂ္ဂပဋိညာဉ်ကို ဖောက်ဖျက် ကျူးကျော်ခဲ့တာပါ။ အခုလို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေ ကျူးကျော်ပြီး ကိုယ်တိုင်ကိုယ်ကျ အနောက်ဒီမိုကရေစီထူထောင်ပေးနေတဲ့ အီရတ်နိုင်ငံမှာ ပြည်သူတွေ နေ့စဉ်သွေးမြေကျ သေပွဲဝင်နေရမှု၊ ဒုက္ခကြီးစွာ ကြုံနေရမှုစတဲ့ လောကငရဲဘုံလိုသာ ဖြစ်နေရပါတယ်။ ဒါဟာလည်း အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေ ထင်သလို ဖြစ်မလာတဲ့ ကြောက်မက်ဖွယ်ရာ အီရတ်သင်ခန်းစာဖြစ်ပါတယ်။**

ဒီအပေါ် အမေရိကန်သမ္မတ ဂျော့ဘုရှ်နဲ့ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့က အီရတ်စစ်ဟာ မှားယွင်းကောင်း မှားယွင်းခဲ့လိမ့်မယ်၊ ဒါပေမယ့် ကမ္ဘာက ဘဂ္ဂဒက်အစိုးရသစ်ကို ထောက်ခံသင့်ကြတယ်ဆိုပြီး တုံးတိတိပြောဆိုသွားခဲ့တယ်လို့ ၂၇-၅-၂၀၀၆ရက်နေ့ထုတ် နေရှင်းသတင်းတစ်ပုဒ်မှာ ဖော်ပြထားပါတယ်။ လွန်ခဲ့တဲ့ မတ်လ ၂၅ရက်က အိမ်ဖြူတော်မှာ ပြုလုပ်ခဲ့တဲ့ မိနစ်၅၀ကြာ သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် အီရတ်မှ ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားခဲ့တဲ့ စစ်ပွဲတွင် စိတ်သောကရောက်မှုများစွာ ကြုံနေရတဲ့အပြင် မိမိတို့ရဲ့ နာမည်ဂုဏ်သတင်းလည်း ထိခိုက်ကျဆင်းခဲ့ရကြောင်း၊ ဘုရှ်နဲ့ဘလဲ နိုင်ငံရေးအမြွှာညီနောင်က ဝန်ခံခဲ့ကြတယ်။ ဘုရှ်က အဘူဂါရိတ်အကျဉ်းထောင် ပြဿနာအတွက် နောင်တတစ်ဖန်ရပြီး သောကဖြစ်ခဲ့ရကြောင်းနဲ့ သူ့ရဲ့ခေါင်းမာတဲ့ ပြောဆိုမှုများအတွက် နောင်တရခဲ့ကြောင်း၊ အီရတ်ဟာ ဆက်ဒမ်ဟူစိန်အောက်က လွတ်မြောက်သွားခဲ့ပေမယ့် အရာရာတိုင်း မျှော်လင့်ထားသလို ဖြစ်မလာကြောင်း၊ မိမိတို့ရဲ့ အမှားတွေအပေါ် မိမိတို့ သင်ခန်းစာယူပြီး နည်းလမ်းတွေကို တွက်ဆထောက်ချင့်ရွေးချယ်ကြရလိမ့်မယ်၊ အဲဒီနည်းလမ်းသာ အောင်မြင်မှုတွေကို တည်ဆောက်ပေးနိုင်လိမ့်မယ်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံပြောဆိုခဲ့ရတယ်လို့ သိရပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲမှာတော့ လွန်ခဲ့တဲ့ သုံးနှစ်အတွင်း ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲများလို ဘုရှ်ရဲ့ သူရဲကောင်းဆန်တဲ့ အပြောအဆိုမျိုး မကြားခဲ့ရတော့ဘူးလို့ သိရပါတယ်။

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲဟာ ဝန်ကြီးချုပ်အဖြစ် ၁၀နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ရာထူးမှ နုတ်ထွက်ပေးရတော့မယ် ဖြစ်ပါတယ်။ အမေရိကန်ပေါ်လစီနဲ့ ရပ်တည်ချက်တွေကို ၎င်းရဲ့မိတ်ဆွေနိုင်ငံများကိုယ်တိုင် ပြင်းပြင်းထန်ထန် ဝေဖန်လာချိန်ဖြစ်တယ်။ အခုလို အချိန်မှာ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ နုတ်ထွက်ရတဲ့အကြောင်းက တိုနီဘလဲဟာ အမေရိကန်သမ္မတဘုရှ်ကို အစစအရာရာ ထောက်ခံလွန်းမှုရဲ့ အကျိုးဆက်ကြောင့် ဖြစ်ပါတယ်။ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာကိုယ်တိုင်က တိုနီဘလဲဟာ ဘုရှ်နဲ့ပလူးလွန်းတယ်၊ ဘုရှ်ကို ထောက်ခံလွန်းတယ်၊ ကျွန်လို အောက်ကျို့လွန်းတယ်လို့ ဝေဖန်တဲ့အထိ ဖြစ်လာခဲ့ပါတယ်။

ဘလဲဟာ ဘုရှ်ကို ထောက်ခံလွန်းလို့ သူတို့နှစ်ဦးကို Bနှစ်လုံးလို့တောင် လှောင်ပြောင်ခေါ်ကြတယ်။ တိုနီဘလဲရဲ့ နိုင်ငံခြားရေးပေါ်လစီဟာ ဘုရှ်ရဲ့လေသံအတိုင်း တစ်သဝေမတိမ်း တူညီလွန်းတဲ့အတွက် ဗြိတိန်လူထုက နှာခေါင်းရှုံ့လာကြတယ်။ သူ့ရဲ့ လေဘာပါတီကိုယ်တိုင်ကပင် မနှစ်မသက် ဖြစ်လာတယ်။ ကန့်ကွက်ဆန္ဒပြမှုတွေ အများကြီးပေါ်လာတယ်။ ဒါကြောင့် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲဟာ နုတ်ထွက်ဖို့ ကြေညာလိုက်ရပါတော့တယ်။ ဒါဟာ အမေရိကန်နိုင်ငံခြားရေးဝါဒကို တစ်ထပ်တည်း ပုံတူကူးချတဲ့ ဝန်ကြီးချုပ်တိုနီဘလဲကို ဗြိတိန်လူထုက ဆန့်ကျင်လာတဲ့ အကျိုးဆက်လည်း ဖြစ်တယ်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၂ရက်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမှာ ကျင်းပတဲ့ စာတမ်းဖတ်ပွဲတစ်ခုမှာ တင်သွင်းတဲ့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာရပ် ကျွမ်းကျင်ပညာရှင် Jakul Grygie ရဲ့ စာတမ်းမှာလည်း အမေရိကန်နိုင်ငံရဲ့ အစွန်းရောက် နိုင်ငံတကာဆက်ဆံရေးကျင့်စဉ်မူဝါဒများကို လက်တွေ့ကျကျ ဖော်ပြထားပါတယ်။ ငါနဲ့ ငါသာ နိူင်းစရာ အတွေးအခေါ်၊ အင်အားအသုံးပြုဝါဒ၊ အမေရိကန်ပြည်ထောင်စု တဖြည်းဖြည်း အထီးကျန်ဖြစ်လာမှု၊ အနာဂတ် အကျိုးဆက် အမွေခံ ပတ်ဝန်းကျင်ဆိုးကို မျက်မှောက်လက်ရှိ သမ္မတဘုရှ်ရဲ့ ရီပတ်

စာမျက်နှာ ၅ ကော်လံ ၁ သို့

လေယာဉ်ငယ်ဝင်တိုက်

နယူးယောက်မြို့ရှိ အထပ်မြင့် အဆောက်အအုံတစ်ခုအား လေယာဉ်ငယ်တစ်စင်း ဝင်တိုက်မိပြီး မီးလောင်နေသည်ကို အောက်တိုဘာ ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်–ကနေဒါ ဆက်ဆံရေး တိုးမြှင့်ရန် ကနေဒါကိုယ်စားလှယ်အဖွဲ့ ပေကျင်းသို့ရောက်ရှိ

ပေကျင်း အောက်တိုဘာ ၁၃

တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်န်ပီစီ)က ကနေဒါပါလီမန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် မျှော်မှန်းကြောင်း တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူက ပေကျင်းမြို့၌ အောက်တိုဘာ ၉ ရက်က ပြောကြားသည်။

ဧည့်သည်တော် ကနေဒါ–တရုတ် ပါလီမန်အမတ်များအသင်း ကိုယ်စားလှယ်အဖွဲ့အား အင်န်ပီစီဥက္ကဋ္ဌဝူက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ အင်န်ပီစီဥက္ကဋ္ဌဝူက ဆက်လက် ပြောဆိုရာ၌ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံအပြန်အလှန် ကိုယ်စားလှယ်အဖွဲ့များစေလွှတ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ သို့မှသာ လွန်ခဲ့သည့် ၃၆ နှစ်က နှစ်နိုင်ငံသံတမန် ဆက်ဆံမှုစတင်ကတည်းက တည်ရှိခဲ့သော နယ်ပယ်အားလုံးတွင် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်နိုင်မှာဖြစ်ကြောင်း၊ တရုတ်သမ္မတ ဟူကျင်တောင် ကနေဒါနိုင်ငံသို့ လွန်ခဲ့သည့်နှစ်က သွားရောက် လည်ပတ်သည့်ခရီးစဉ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ပြောဆို

မိမိတို့ခရီးစဉ်က နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း ကနေဒါကိုယ်စားလှယ်အဖွဲ့က ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ် ပင်လယ်အစားအစာတင်ပို့မှု ယခုနှစ်အတွင်း ပိုမိုတင်ပို့နိုင်ရန်ခန့် မှန်း

ဟနွိုင်း အောက်တိုဘာ ၁၃

ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအစာတင်ပို့မှုသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံဖိုးရှိရာမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ သုံးဘီလီယံဖိုး တင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း ဗီယက်နမ် ပင်လယ်အစားအစာ တင်ပို့ရောင်းချရေးနှင့် ထုတ်လုပ်ရေးအသင်းက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

တိုးတက်

ယင်းနိုင်ငံသည် ယခုနှစ် ပထမကိုးလအတွင်း ပင်လယ်အစားအစာ တင်ပို့ရောင်းချမှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံဖိုး တင်ပို့ရောင်းချခဲ့ကြောင်း၊ ယင်းမှာ နှစ်ချင်းအလိုက်တိုးတက်မှု ၁၉ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း၊ အများဆုံးတင်ပို့ ရောင်းချသောနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ကြောင်း၊ ယင်းနောက်တွင် အမေရိကန်၊ တရုတ်နှင့်ဥရောပသမဂ္ဂတို့လည်း ပါဝင်ကြောင်း သိရသည်။

တင်ပို့ခဲ့

ဗီယက်နမ်နိုင်ငံသည် ကိုးလအတွင်း ရေခဲရိုက်ငါးတန်ချိန် ၃၀၀၀၀၀ ကျော်နှင့် ပုစွန်တန်ချိန် ၁၀၀၀၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်း၌ မာရှယ်လောထုတ်ပြန်မှု နောက်ထပ် တစ်လထားရှိမည်

ဗန်ကောက် အောက်တိုဘာ ၁၃

ထိုင်းနိုင်ငံသည် နိုင်ငံရေးတည်ငြိမ်မှုများ ရရှိစေရန် နောက်ထပ်တစ်လ မာရှယ်လောဥပဒေကို ထုတ်ပြန်ထားမည်ဖြစ်ကြောင်း ကာကွယ်ရေး ဝန်ကြီး ဘွန်ရောဒ်ဆွမ်တကစ်က အောက်တိုဘာ ၁၁ ရက်၌ ပြောကြားလိုက်သည်။

ပြောကြား

မိမိတို့သည် မာရှယ်လော ဥပဒေကို ရုပ်သိမ်းနိုင်ဦးမည် မဟုတ်သေးကြောင်း၊ နောက်ထပ် တစ်လကြာနိုင်ကြောင်း၊ တင်းမာမှုများ ဖြေရှင်းနိုင်ရန် အချိန်စောင့်ရလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နုတ်ထွက်

၎င်းသည် ထိုင်းရက်ထိုင်းပါတီ ခေါင်းဆောင် ပါတီမှနုတ်ထွက်မှုနှင့် ပတ်သက်၍ နိုင်ငံရေးဆိုင်ရာကိစ္စများကို ပြောကြားခြင်းမရှိချေ။

မာရှယ်လော

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ လမ်းများပေါ်တွင် လွန်ခဲ့သော သီတင်းပတ်များက ဆန္ဒပြမှုအချို့ ရှိခဲ့ကြောင်း၊ သို့သော်လည်း မာရှယ်လော ဥပဒေအရ တစ်ဦးတစ်ယောက်မျှ ဖမ်းဆီးထားခြင်း မရှိကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ

ဘရာဇီး၌ ဂျုံထုတ်လုပ်မှု ကျဆင်း

ရီရိုဒီဂျနေရိုး အောက်တိုဘာ ၁၃

ဘရာဇီးနိုင်ငံ၏ ဂျုံထုတ်လုပ်မှုသည် ၂၀၀၆ ခုနှစ်တွင် စုစုပေါင်းတန်ချိန် ၂ ဒသမ ၅ သန်း ထွက်ရှိရန် မျှော်လင့်ထားကြောင်း၊ ဘရာဇီး၌ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အဆိုးရွားဆုံးမိုးခေါင်လျက်ရှိရာ ၂၀၀၅ ခုနှစ်က ဂျုံသီးနှံထွက်ရှိမှု ၄၅ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဘရာဇီး ပထဝီနှင့် စာရင်းအင်းဆိုင်ရာ လေ့လာရေးစာတမ်းတစ်ရပ်တွင် ဖော်ပြသည်။

၂၀၀၆ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၏ ဂျုံစိုက်ပျိုးမှုသည် ၂၅ ဒသမ ၃၉ ရာခိုင်နှုန်း ကျဆင်းသွား၍ ထုတ်လုပ်မှု ကျဆင်းခဲ့ကြောင်း လယ်သမားများ အနေဖြင့်လည်း ယင်းဂျုံစိုက်ပျိုးရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများလည်း ကျဆင်းသွားခဲ့ကြောင်း အဆိုပါ လေ့လာချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနှင့်ရုရှား နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မည်

ဆိုးလ် အောက်တိုဘာ ၁၃

တောင်ကိုရီးယားနှင့်ရုရှားနှစ်နိုင်ငံ ကုန်သွယ်မှုအကျိုးတူစီးပွား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်ကဏ္ဍနှင့် သိပ္ပံနည်းပညာဆိုင်ရာတို့ကို ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်သဘောတူညီခဲ့ကြကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

သဘောတူ

ယခုနှစ်အတွင်းတွင် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သဘောတူလက်မှတ်ရေးထိုးရန် သဘောတူညီခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

အရှိန်အဟုန်မြှင့်

နှစ်နိုင်ငံခေါင်းဆောင်များ အနေဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချခဲ့ကြသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ကျင်းပခဲ့သည့် အေပက်အစည်းအဝေးတွင် တောင်ကိုရီးယားသမ္မတ နိုမူဟွန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် နှစ်နိုင်ငံဆက်သွယ်မည့် ဆိုက်ဘေးရီးယားနှင့် တောင်ကိုရီးယားနိုင်ငံ မီးရထားလမ်းဖောက်လုပ်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ကိုရီးယားကျွန်းဆွယ်သို့ ဖြန့်ဝေရန် ပိုက်လိုင်းများ တည်ဆောက်ရေး စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူး ခြားခြား

ဆိုင်ကယ်စီး စွမ်းရည်ပြသောဝက်ဝံ



ကြိုးတန်းပေါ်တွင် ဆိုင်ကယ်စီးပြီး စွမ်းရည်ပြနေသော ဝက်ဝံတစ်ကောင်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် ဝက်ဝံတစ်ကောင်က အမျိုးသမီးတစ်ဦးကို ဆိုင်ကယ်၌ ချိတ်ဆွဲကာ ကြိုးတန်းပေါ်တွင် မော်တော်ဆိုင်ကယ်စီးကာ စွမ်းရည်ပြသခဲ့ကြောင်းသိရသည်။

(အင်တာနက်)

မြွေဟောက်ကို အကြိမ်များစွာနမ်းပြသူ

မြွေဟောက်ကို နမ်းပြနေသူတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် ခမ်ချိဘူဒီအမည်ရှိ ထိုင်းနိုင်ငံသားတစ်ဦးက အဆိပ်ပြင်း မြွေဟောက် ၁၉ ကောင်ကို နမ်းပြခဲ့ရာ ကမ္ဘာပေါ်၌ မြွေဟောက်များအား အကြိမ်အများဆုံးနမ်းသူ တစ်ဦးအဖြစ် မှတ်တမ်းဝင်မည် ဖြစ်သည်။

(အင်တာနက်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

ရွာရန်ရာနှုန်း ၄၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ဘလီကင်အစိုးရက မျိုးဆက်သစ်များအပေါ် ဘယ်လိုအမွေပေးနေတယ်ဆိုတဲ့ လိုလားလက်ခံဖွယ်ရာမရှိတဲ့ အခြေအနေတွေကို အစ အလယ် အဆုံး တင်ပြထားပါတယ်။

နိုင်ငံတကာ သုတေသီများရဲ့ သုံးသပ်အကဲဖြတ်ချက်အရ ဝါရှင်တန်ရဲ့ တစ်ကိုယ်တော် အထီးကျန်ဝါဒ တဖြည်းဖြည်း ကြီးထွားရခြင်းဟာ အမေရိကန်တို့ ချမှတ်အကောင်အထည်ဖော်နေတဲ့ မူဝါဒရေးရာများ အမှားမှား အယွင်းယွင်းဖြစ်မှု(အထူးသဖြင့် အီရတ်စစ်ပွဲ) ထင်ရှားစိုင်း တစ်ဖက်သတ်ကျင့်သုံးမှုဝါဒကို တရားသေ လက်ကိုင်ထားမှုတို့ကြောင့် ဖြစ်တယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအများစုက အမေရိကန်ကို ဝိုင်းကြဉ်လာကြတယ်။

အမှန်တော့ အမေရိကန်ဟာ ၎င်းရဲ့မဟာမိတ်များနဲ့ ရေရှည်လက်တွဲနိုင်မှု ခိုင်မာအောင် စိန်ခေါ်ခံနေရတဲ့ အခြေအနေမှာ ရှိပါတယ်။ အခုလိုဖြစ်ပေါ်လာရတာဟာ အမေရိကန်အစိုးရရဲ့ သွေးနားထင်ရောက်မောက်မာခက်ထန်တဲ့ သံတမန်ရေးရာ ဆက်ဆံပုံစံနဲ့ လက်မခံနိုင်စရာ မှားယွင်းတဲ့ မူဝါဒကြောင့် ဘုရှ်အစိုးရယာယီမျှသာ ကြုံနေရတဲ့ပြဿနာမျိုး မဟုတ်ကြောင်း။ အမေရိကန်တို့အနေနဲ့ ၎င်းတို့လိုလားတဲ့ ဩဇာအာဏာ ထာဝရလွှမ်းထားလိုမှုနဲ့ မိမိတို့မှအပ ကျန်နိုင်ငံအားလုံးကို စစ်ရေးစွမ်းပကား၊ စီးပွားရေးအင်အားနဲ့ နိုင်ငံရေးဩဇာ တက်မလာစေဖို့အတွက် အကွက်ဆင်ကြံစည်မှုစတဲ့ တစ်ဖက်သတ် လုပ်ရပ်အပေါ် တည်နေတာဖြစ်ကြောင်း လေ့လာသူတွေက ဆိုပါတယ်။

မကြာသေးခင်က ပြီးဆုံးသွားတဲ့ ကျူးဘားနိုင်ငံရဲ့မြို့တော် ဟာဗားနားမှာ ကျင်းပခဲ့တဲ့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးရဲ့ ထိပ်သီးအစည်းအဝေးမှာလည်း အမေရိကန်ရဲ့ နိုင်ငံခြားရေးဝါဒကို ဆန့်ကျင်ခဲ့ကြပါတယ်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်က အမေရိကန်အစိုးရဟာ ကမ္ဘာကြီး ငြိမ်းငြိမ်းချမ်းချမ်းမရှိအောင် ပြုမူဆောင်ရွက်နေကြောင်း လွန်ခဲ့တဲ့မေလ ၂၃ရက်တွင် ပြောကြားခဲ့ပါတယ်။ "ကျွန်တော်တို့ စိုးရိမ်မကင်း ဖြစ်နေရတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ရဲ့ အင်ပါယာချဲ့ထွင်နေမှုကြောင့်ရယ်၊ စစ်တိုက်ဖို့ အမြဲပြင်ဆင်နေတာကြောင့်ရယ်ပေါ့။ ကမ္ဘာပေါ်မှာ ငြိမ်းချမ်းစွာ နေထိုင်အသက်ရှင်လိုမှုကို ခင်ဗျားတို့က တိုက်စားပျက်သုဉ်းသွားအောင် လုပ်နေတယ်"လို့ မစ္စတာချာဗက်က အီရတ်စစ်ပွဲကို ရည်ညွှန်းပြီး အမေရိကန်သမ္မတဘုရှ်ကို ဝေဖန်ပြောကြားခဲ့တယ်။

ဒီကနေ့ အမေရိကန်နဲ့ အပေါင်းပါတွေက ၎င်းတို့ဩဇာမခံတဲ့ မြန်မာနိုင်ငံကို ဩဇာခံဖြစ်လာအောင် အကျပ်ကိုင်ဖိအားပေးနိုင်ဖို့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါသို့ ဆွဲသွင်းခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန်တို့ရဲ့ လက်ခံနိုင်စရာမရှိတဲ့ လုပ်ရပ်တွေကို ပယ်ချနိုင်တဲ့ သမာသမတ်နိုင်ငံကြီးတွေလည်း ရှိနေပါတယ်။ မြန်မာ့အရေးကို လုံခြုံရေးကောင်စီက အရေးယူဖို့မဆိုထားနဲ့ လုံခြုံရေးကောင်စီ အာဂျင်ဒါသို့ သွင်းရမယ့်အနေအထားပင် မဟုတ်ဘူးဆိုတာကို နိုင်ငံတကာက သိကြပါတယ်။

၁။ ဒီကနေ့မြန်မာနိုင်ငံဟာ တစ်ပါတီဆိုရှယ်လစ်စနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းလာတဲ့ နိုင်ငံဖြစ်ပါတယ်။

၂။ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံဖြစ်တဲ့ Infrastructure တစ်ခုလုံးဟာလည်း ယခင်ခေတ်များနဲ့ မတူအောင် ဈေးကွက်စီးပွားရေး စနစ်နဲ့လျော်ညီစွာ ပြောင်းလဲတိုးတက်လာချိန်ဖြစ်ပါတယ်။ နိုင်ငံရေးပါတီ အဖွဲ့အစည်း၁၀ဖွဲ့တို့လည်း တရားဝင်ရပ်တည်လျက်ရှိပြီး ဖြစ်ပါတယ်။

၃။ ယခင်အစိုးရ အဆက်ဆက်တို့ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့တဲ့ အမျိုးသားသင့်မြတ်စည်းလုံးရေးကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး ၁၇ဖွဲ့တို့နဲ့ ရရှိလာတဲ့အတွက် နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုး တိုးတက်လာနေပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကိုလည်း ယခင်နဲ့မတူအောင် အောင်မြင်စွာ ဆောင်ရွက်လာနိုင်တယ်။

၄။ ယခုအခါ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး ယင်းမူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ တစ်မျိုးသားလုံးကို ကိုယ်စားပြုသော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိပါတယ်။ ကျင်းပဆဲ အမျိုးသားညီလာခံကြီးက ချမှတ်တဲ့ အခြေခံမူ၊ အသေးစိတ် အခြေခံရမယ့် မူများနဲ့အညီ မကြာခင် ရေးဆွဲပြီးမြောက်တော့မယ့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းကို ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲကြီး ကျင်းပ အတည်ပြုမှာဖြစ်ပါတယ်။ အဲဒီနောက် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ တစ်ဆင့်ပြီး တစ်ဆင့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာမယ်ဖြစ်ပါတယ်။

၅။ မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာမှ သမာသမတ်နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေချိန်ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ တစ်ပါးနိုင်ငံများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ တစ်ပါးနိုင်ငံများအပေါ် ကျူးကျော်ဝင်ရောက်ခြင်း၊ ရန်စကျူးကျော်ခြင်းများ လုံးဝကင်းရှင်းစွာ နိုင်ငံတကာ ကျင့်ဝတ်များဖြစ်သော ကုလသမဂ္ဂအခြေခံ မူကြီးများကို အစဉ်တစိုက် လိုက်နာကျင့်သုံးလျက်ရှိတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါတယ်။ **ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဥက္ကဋ္ဌက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကိုယ်စား ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌသို့ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေး ကို ထိခိုက်စေခြင်းမရှိသော အဖွဲ့ဝင်နိုင်ငံတစ်ခုရဲ့ အရေးကိစ္စကို တရားဝင် ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းဆောင်ရွက်ခြင်းဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)နဲ့ ဆန့်ကျင်နေကြောင်း၊ ဒါကြောင့် မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် အာဂျင်ဒါအတွင်းသို့ ရောက်အောင် လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံကြီး တစ်နိုင်ငံက အတင်းဖိအားပေးဆောင်ရွက်ခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်ကြောင်း စာရေးသားပေးပို့ခဲ့**ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း မြန်မာနိုင်ငံအရေးဟာ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေးကို ထိခိုက် စေတယ်လို့ ယုံကြည်မှုမရှိကြောင်း ဖော်ပြခဲ့ကြပါတယ်။

ဒါတွေကို မျက်ကွယ်ပြုပြီး အမေရိကန်နဲ့ အပေါင်းပါတွေက မြန်မာနိုင်ငံကို လုံခြုံရေးကောင်စီ အာဂျင်ဒါသို့ လုပ်ကြံဖန်တီးဆွဲသွင်းပြီး ၎င်းတို့အလိုကျဖြစ်လာရန် ဘယ်လိုပင် အကျပ်ကိုင်ဖို့ကြိုးပမ်းကြပေမယ့် မြန်မာနိုင်ငံရဲ့ **မြန်မာ့စံ၊ မြန်မာ့မူနဲ့ ပြောင်းလဲတိုးတက်ဖြစ်ထွန်းနေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို ဘယ်ပြည်ပဖိအားနဲ့မှ မတားဆီးနိုင်**ဘူးဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ခရီးသစ်ဆီ

ဒို့နိုင်ငံ ပြည်သာမှု
ညီညာစု ဖြစ်ထွေ။

တည်လာပြု ဥပဒေ
ခုမသွေ ထင်ရှား။

ချမှတ်တဲ့ (၇)ရပ်လမ်းစဉ်
မှတ်တမ်းတင် ခေတ်အမြင်ဖြင့်သွား။

ဦးတည်ချက် (၆)ရပ်အညီ
ထပ်တစ်လီမနား။

မပြတ်ချီ အရှည်သွားဖို့
နိုးကြားလို့ ခိုင်မာ။

တူတူယှဉ် ကချင်ကရင်ချင်းရခိုင်ရှမ်းကယားရယ်နဲ့
မွန်ဗမာအများ တိုင်းရင်းသားစုံစွာ
ဝိုင်းသာလို့ အမိမြန်မာမှာ
ရှိမေတ္တာ ထိန်ထိန်လင်းပြီမို့
ရှိန်ရှိန်ပြင်း အပြီးလှမ်းမည်
ခရီးသစ်ဆီ။

စုရှစ်ဖွဲ့ ရွှေညီလာသည်
ဝေဖြာစည် ဂုဏ်တင့်လိမ့်လေး။ ။

(အမျိုးသားညီလာခံအား ဂုဏ်ပြုလျက်-)

ဝင်းမြအေး

ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက် ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများကို တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်း လှူဒါန်းလိုသူများအနေဖြင့် ၂လက်မစက်ရေတွင်းကို အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၂၅၀၀၀၀၊ ၂လက်မ စက်ရေတွင်းကို အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံဖြင့်ငွေကျပ် ၅၀၀၀၀၀၊ ၄လက်မစက် ရေတွင်းကို အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံဖြင့်ငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် ရေအကျိုး (၁၀)ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၀၂၆၊ ဒုတိယညွှန်ကြားရေး မှူးချုပ် ဖုန်း-၀၆၇-၄၀၈၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၈၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၈၄၀၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး(မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄ နှင့် ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

14-10 (05) 1 10/14/06, 1:10 AM

အမျိုးသားလွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်

● *ရှေ့ဖုံးမှ*

၁။ (က) ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း ကျင်းပရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်၊

(၂) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။

၂။ (က) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်၊

(၂) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာ တည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်၊

(၂) အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) (၁) ပထမအကြိမ် ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည်ပြည်သူ့လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်၊

(၂) ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) (၁) ပထမအကြိမ် ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်၊

(၂) ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၄။ (က) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ခေါ်ယူ ကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

(ခ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၅။ (က) ပြည်သူ့လွှတ်တော် အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်-

(၁) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

(ခ) အမျိုးသားလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်-

(၁) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကိုမှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေးအထမမြောက်သည့် အတွက် ရွှေ့ဆိုင်းကျင်းပသောအစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

(ခ) (၁) အမျိုးသားလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၇။ (က) (၁) ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ် ပြုရမည့်အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ခြင်းတူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့်အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ခြင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၈။ (က) (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်သူ့လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့လွှတ်တော်အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း၁၅ရက်တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် ပြည်သူ့လွှတ်တော်က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသားလွှတ်တော်အစည်းအဝေးတစ်ရပ်တွင် အမျိုးသားလွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ရက်တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသားလွှတ်တော်အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရမည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း၁၅ ရက်တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် အမျိုးသားလွှတ်တော်က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ အရေးယူရမည်။

၉။ (က) ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ်လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့် ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၀။ (က) ပြည်သူ့လွှတ်တော်၏ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

(ခ) အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ။

၁၁။ (က) “ပြည်ထောင်စု ဥပဒေပြုစာရင်း”တွင် ဖော်ပြသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်း ကျင်းပရမည်။

စာမျက်နှာ ၆ မှ

(ခ) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။

၁၂။ (က) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန်သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့တင်ပြရမည်။

၁၃။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကိုပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသောဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းသော ဥပဒေကြမ်းဟုမှတ်ယူ၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသားလွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက် ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်။

၁၄။ (က) (၁) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်းဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသားလွှတ်တော်သို့ပြန်လည် ပေးပို့ရမည်။

(၂) ပြည်သူ့လွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည် ပေးပို့ရမည်။

ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်စေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်

(၂) အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

(၂) ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့ အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၁၆။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(၁) ပြည်သူ့လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(၁) အမျိုးသားလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၁၇။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် ကော်မတီများတွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့် (၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ အမျိုးသားလွှတ်တော်ကော်မတီ တစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

၁၈။(က)(၁) ပြည်သူ့လွှတ်တော် အစည်းအဝေးတက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကိုပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အစည်းအဝေးတက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင်သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ သို့မဟုတ် ပြည်သူ့လွှတ်တော်ကဖွဲ့စည်းသော ကော်မရှင်နှင့်အဖွဲ့ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

(ခ)(၁) အမျိုးသားလွှတ်တော် အစည်းအဝေး တက်ရောက်နေသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်သို့မဟုတ် ဖိတ်ကြားချက်အရယင်းအစည်းအဝေးသို့ တက်ရောက်နေသောပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော်ကော်မတီ တစ်ရပ်ရပ်၏အစည်းအဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေးတက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင်သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအားဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာတင်ပြရမည်။

၁၉။(က) ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်က သော်လည်းကောင်း၊ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား –

အဲဒီရှင်းလင်းချက်နဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီက–

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများ ပြည့်စုံဆီလျော်မှုရှိ

"ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များနှင့် အသေးစိတ်အခြေခံရမည့်မှုများအဖြစ် သတ်မှတ်နိုင်ရန် အချက်(၁၉)ချက်နှင့် အပိုဒ်ခွဲများ အပါအဝင် အချက်ပေါင်း (၈၂) ချက်ကို ဘက်စုံ၊ ထောင့်စုံမှ လေ့လာ၍ ပြည့်ပြည့်စုံစုံ တင်ပြထားသည်ကို တွေ့ရှိရပါသည်"ဟု လည်းကောင်း၊

"ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရန် သတ်မှတ်မှုသည် လျော်ကန်သင့်မြတ်ပါသည်"ဟု လည်းကောင်း၊

"အမျိုးသားလွှတ်တော်သက်တမ်းကို ပြည်သူ့လွှတ်တော်စတင်သည့် နေ့ရက်အတိုင်း သတ်မှတ်ရေးနှင့် အမျိုးသားလွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေးကို သက်တမ်းစတင်ပြီးနောက် အမြန်ဆုံးကျင်းပစေခြင်းမှာ လျော်ကန်သင့်မြတ်ပါသည်"ဟု လည်းကောင်း၊

"ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရေးနှင့် နောင်ကျင်းပသည့် အစည်းအဝေးများကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများက ခေါ်ယူကျင်းပရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုရေးနှင့် လွှတ်တော်အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရေးနှင့် ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုရေးတို့သည် လျော်ကန်သင့်မြတ်ကြောင်း"ဟု လည်းကောင်း၊

"ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများ၌ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် သတ်မှတ်ချက်များနှင့် အစည်းအဝေးအထမြောက်မှု၊ ဆန္ဒမဲပေး၍ အဆုံးအဖြတ်ပေးနိုင်မှုနှင့်စပ်လျဉ်း၍ ပါရှိချက်များသည် ပြည်ထောင်စုလွှတ်တော်အတွက် သတ်မှတ်ဖော်ပြချက်များနှင့် လိုက်လျောညီထွေရှိစေပြီး သက်ဆိုင်ရာလွှတ်တော်များအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပီပြင်စွာဖော်ပြထားခြင်းဖြစ်သဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်အကြံပြုရန် မရှိကြောင်း"ဟု လည်းကောင်း၊

"အစည်းအဝေးအထမြောက်မှုနှင့် စပ်လျဉ်း၍ပါရှိသည့် အချက်များသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပေးရမည့် ကိစ္စများနှင့်စပ်လျဉ်းသည့် အချက်များအား ပြည့်စုံစွာ ဖော်ပြထားသဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း"ဟု လည်းကောင်း
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးများတွင် မိမိတို့နှင့် သက်ဆိုင်ရာလွှတ်တော်များ၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုလွှတ်တော်ကိုယ်စားလှယ်နေရာများလစ်လပ်သည်ဟု ကြေညာနိုင်ကြောင်း ပါရှိပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီး၌ မှီတင်းနေထိုင်လျက်ရှိကြပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ရန် တစ်ဆက်တည်း ပျက်ကွက်သည့်နေ့ရက် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ထားသည့် ၁၅ ရက်အတွင်း အချိန်မီဆောင်ရွက်နိုင်ရန် အခက်အခဲ ရှိနိုင်ပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ ကြိုတင်ခွင့်ပြုချက်မရဘဲ တစ်ဆက်တည်း ခွင့်မဲ့ပျက်ကွက်သည့်ကာလကို ၁၅ ရက်သတ်မှတ်မည့်အစား ရက် ၃၀ အထိ တိုးမြှင့်သတ်မှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်" ဟုလည်းကောင်း၊

"ကြိုတင်ခွင့်ပြုချက်မရဘဲ သတ်မှတ်ထားသည့် ရက်အပိုင်းအခြားထက် ကျော်လွန်ပျက်ကွက်မှုကြောင့် လွှတ်တော်ကိုယ်စားလှယ်၏ နေရာများလစ်လပ်သည်ဟု ကြေညာရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဟူ၍ပါရှိပါသည်။ သို့ဖြစ်ရာ သတ်မှတ်ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုချက်များအချိန်မီ မတောင်းခံသည့် အကြောင်းရင်းများကို လေ့လာဆောင်ရွက်သင့်ပါသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် နေရာများ လစ်လပ်ကြောင်း ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းတို့ကိုယ်စားပြုသူများအကြား ဆက်နွယ်မှုနှင့် ကိုယ်စားပြုနိုင်မှုများမှာ ယာယီအားဖြင့် ပြတ်တောက်သွားနိုင်ပါသည်။ ထို့ပြင် လစ်လပ်နေရာများတွင် ပြန်လည်ရွေးချယ်မှုများပြုလုပ်ရန် လိုအပ်လာမည်ဖြစ်သဖြင့် အချိန်နှင့် ငွေကြေးကုန်ကျမှုများ ရှိလာနိုင်ပါသည်။ ထို့အပြင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း ယင်းတို့အား ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များအား ထပ်မံရွေးချယ်ရမည့် တာဝန်များ ရှိလာမည်ဖြစ်ပါသည်။ ယင်းကဲ့သို့သော ဆောင်ရွက်မှုများသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအတွက်သာမက နိုင်ငံတော်နှင့် မဲဆန္ဒရှင် ပြည်သူများအတွက်ပါ အတိုင်းအတာတစ်ရပ်အထိ ထိခိုက်မှုများ ရှိလာနိုင်ပါသည်။

သို့ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်ထားသည့် အချိန်ကာလထက် ကျော်လွန်၍ ခွင့်မဲ့ပျက်ကွက်မှုများဖြစ်ပေါ်လာပါက ယင်းကဲ့သို့ ခွင့်မဲ့ပျက်ကွက်ရခြင်းသည် ကာယကံရှင်၏ ပယောဂကြောင့်ဖြစ်သည် သို့မဟုတ် သဘာဝဘေးန္တရာယ်များနှင့် အခြားမမျှော်လင့်နိုင်သည့်အကြောင်းများကြောင့် ဖြစ်ရသည်ဟူသော အချက်များကို စနစ်တကျလေ့လာစုံစမ်းမှုများ ပြုလုပ်သင့်ပါသည်။ ထိုသို့ လေ့လာစုံစမ်းမှုများပြုလုပ်ပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ ပယောဂကြောင့်ဖြစ်သည်ဟူသော အချက်ပေါ်လွင်ထင်ရှားလာမှသာ ကိုယ်စားလှယ်နေရာ လစ်လပ်သည်ဟုကြေညာရေးကို ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟုလည်းကောင်း၊

"လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား၍ တက်ရောက်သည့် ပုဂ္ဂိုလ်များအနေဖြင့် လွတ်လပ်စွာပြောဆိုခွင့်ရှိကြောင်းနှင့် အဆိုပါပုဂ္ဂိုလ်များသည် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏အပိုင်းတွင် ဆွေးနွေးတင်ပြခဲ့သည့်နည်းတူ ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ပါရန် ဆွေးနွေးတင်ပြအပ်ပါသည်" ဟုလည်းကောင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်က–

"ကျွန်တော်တို့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနေနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မှု (၂၈)ချက်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ် အခြေခံရမည့်မှု(၁၉)ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ် အခြေခံရမည့်မှု (၂၃)ချက်တို့ကို အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ စုစည်းတင်ပြထားတဲ့ အသေးစိတ် အခြေခံရမည့်မှုများကို လေ့လာသုံးသပ်မှုများ ပြုလုပ်တဲ့အခါမှာ အသေးစိတ်အခြေခံသင့်တဲ့ မှုအချက်(၁၉)ချက်ကို လေ့လာတွေ့ရှိရပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းလို့ စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့် အချက် (၁၉)ချက်ဟာ ပြည့်စုံဆီလျော်မှုများရှိသည့်အတွက် အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့သော်လည်းကောင်း၊ ယင်းတို့ကျင့်သုံးခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များနဲ့ ဆက်စပ်ဆက်နွယ်မှုရှိသည့်အတွက်သော်လည်းကောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း မိမိတို့နိုင်ငံ အခြေအနေနှင့်လည်း လိုက်လျောညီထွေမှု ရှိမှာဖြစ်သည့်အတွက် စုစည်းသုံးသပ်တင်ပြထားသည့် အခြေခံမှု အမှတ်စဉ်(၁)မှ(၁၉)အထိ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ချုပ်က–

"ယင်းဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများ အသီးသီးတို့နဲ့ စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမယ့်မှုများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက စိတ်ရှည်လက်ရှည် အသေးစိတ်အကျယ်တဝင့် ပြည့်ပြည့်စုံစုံ ပြီးပြည့်စုံစွာ ရှင်းလင်းပြောကြားချက်များအပေါ် ထပ်မံဖြည့်စွက် အကြံပြုဆွေးနွေးရန် မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအတွက် အသေးစိတ်အခြေခံရမည့်မှု(၂၈)ချက်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မှု(၁၉)ချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မှု(၂၃)ချက်တို့ကို အသေးစိတ်အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ခေါ်ယူကျင်းပရေးနှင့် နောင်ကျင်းပသည့် အစည်းအဝေးများကို သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများက ခေါ်ယူကျင်းပရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုရေးနှင့် လွှတ်တော်အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပရေးနှင့် ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုရေးတို့သည် လျော်ကန်သင့်မြတ်။

ဥပဒေကြမ်း တင်သွင်းခွင့်နှင့် လွှတ်တော်နှစ်ရပ်ရှိ ဥက္ကဋ္ဌများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း တိတိကျကျ ဖော်ပြထား

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များပါ လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ဆက်သွယ်မှုဆိုင်ရာ လုပ်ငန်းများအပိုင်းပါ အသေးစိတ်အခြေခံရမည့်မူများဟာ ကျစ်လျစ်ခိုင်မာပြီး လွှတ်တော်များအချင်းချင်း (လွှတ်တော်တစ်ရပ်နှင့် တစ်ရပ်အကြား) လုပ်ငန်းများ စနစ်တကျဆက်သွယ်ထားရှိတဲ့အတွက် ယနေ့မျက်မှောက်နိုင်ငံတကာရေးရာများ၊ ဒေသတွင်းနိုင်ငံရေး၊ လူမှုရေးအခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းအခြေအနေများနှင့် သဟဇာတဖြစ်ပြီး ပြည့်စုံခိုင်မာမှုရှိကြောင်း သုံးသပ်ရရှိတဲ့အတွက် ဖြည့်စွက်အကြံပြုရန် မရှိပါကြောင်း ပြောကြားလိုပါတယ်။

သို့ပါ၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များပါ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များရဲ့ လွှတ်တော်လုပ်ငန်းတာဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ စောင့်ထိန်းရမည့် စည်းမျဉ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များအား အရေးယူခြင်းဆိုင်ရာ အကြောင်းအရာများသည် ကြောင်းကျိုးဆီလျော်မှုရှိကြောင်း သဘောထားရရှိသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ ဥပဒေပြုခြင်း ဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူများ စုစည်းချက် အပိုဒ်(၁)မှ (၁၉)အထိပါ အချက်အလက်များသည် ဆီလျော်မှုရှိပါသည်ဟု သုံးသပ်ရရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက် စာတမ်းလေးစောင်အနက်–

–တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်၊

–မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ရှမ်းပြည်နယ် ရွှာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များဟာ ပြည့်စုံ၊ လျော်ကန်၊ သင့်မြတ်ပြီးဖြစ်တဲ့အတွက် အပိုဒ်(၁)၊ အပိုဒ်ခွဲ(က)ပါ“ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း(၉၀)အတွင်း ကျင်းပရမည်”အချက်အား“ပြည်သူ့လွှတ်တော်၏သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မှ ရက်ပေါင်း(၄၅)ရက်အတွင်း ကျင်းပရမည်”ဟု သီးခြားအကြံပြုတင်ပြချက်မှလွဲ၍ ကျန်အချက်များအားလုံး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးအပိုင်းမှာလည်း ၁၉၄၇ခုနှစ်ပတ်ဝန်းကျင်က အခြေအနေနှင့်လုံးဝမတူတော့ပါ။ အဆ ရာထောင်မက ကွာခြားလာခဲ့ပြီးဖြစ်ပါတယ်။ တိုင်းပြည်နေရာအနှံ့ တည်ငြိမ်အေးချမ်းသာယာလာသည်နဲ့အမျှ နေ့နေ့ညည အချိန်မရွေး၊ ဒေသမရွေးသွားလာနိုင်တဲ့ ခေတ်ကာလအခြေအနေလည်း ဖြစ်ပါတယ်။ဆက်သွယ်ရေး စနစ်တွေ အပါအဝင် ယခုလို ဘက်ပေါင်းစုံတိုးတက်ကောင်းမွန်နေတဲ့ ခေတ်ကာလကြီးမှာ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ အဓိကကျတဲ့ ဆန္ဒမဲရေတွက်ခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပြန်ကြေညာခြင်းစတဲ့ လုပ်ငန်းများကို ချို့ယွင်းချက်မရှိအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လိုအပ်မယ့်သင့်တော်တဲ့အချိန်ကာလကို ရက်ပေါင်း(၉၀)ထားရှိခြင်းဟာ အချိန်ကာလအားဖြင့် ကြာမြင့်တဲ့သဘောဆောင်နေပါတယ်။ (၄၅)ရက်သာ သတ်မှတ်မယ်ဆိုရင်လည်း ခေတ်ကာလအခြေအနေအရ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် အခက်အခဲများဖြစ်လာနိုင်ဖွယ်ရာမရှိကြောင်း သုံးသပ်ထင်မြင်ယူဆမိပါတယ်။ သို့ဖြစ်၍ “ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း(၉၀)အတွင်း ကျင်းပရမည်”ဟု သတ်မှတ်မည့်အစား “ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ်ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မှ (၄၅)ရက်အတွင်း ကျင်းပရမည်”ဟု အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြောင်းလဲပြင်ဆင်ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲ့ဒီ ကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်တဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

“နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အချက်(၁၉)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“လွှတ်တော်အသီးသီးရဲ့ အသေးစိတ်ချမှတ်သင့်တဲ့ အခြေခံမူထဲမှာ “အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ”ဆိုတဲ့ အချက်လည်း ပါဝင်နေပါတယ်။

ဒီအသေးစိတ်အခြေခံမူဟာ လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်မှုကြောင့် လွှတ်တော်ရဲ့လုပ်ငန်းများ အတည်ပြုချက်၊ ဆုံးဖြတ်ချက်များ မပျက်ပြယ်စေလိုတဲ့ သဘောဖြစ်တယ်လို့ ထင်မြင်ပါတယ်။

လွှတ်တော်များမှာ ဆန္ဒမဲပေး ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများဟာ အင်မတန်မှ အရေးကြီးတဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အခြေခံတစ်ရပ်လည်းဖြစ်ပါတယ်။ ဒါ့ကြောင့် အခွင့်အရေးမရှိသူတစ်ဦးရဲ့ ဆန္ဒမဲဟာ ဒီဆုံးဖြတ်ချက် အတည်ပြုချက်အပေါ်မှာ အကျိုးသက်ရောက်မှု မရှိခဲ့ရင်တော့ အကြောင်းမဟုတ်ပေမယ့် တကယ်လို့များ သူ့ရဲ့ဆန္ဒမဲကြောင့် ဆုံးဖြတ်ချက်၊ အတည်ပြုချက်တစ်ခုခုဟာ အတည်ဖြစ်ခဲ့ရင် သို့မဟုတ် ပျက်ပြယ်ခဲ့ရင် ဒါဟာ စဉ်းစားစရာဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် သူ့ရဲ့ ဆန္ဒမဲဟာ အဆုံးအဖြတ်မဲ (Decisive Vote) ဖြစ်ခဲ့ရင် ဖြစ်ပါတယ်။ ဥပမာ နှစ်ဖက်ဆန္ဒမဲ မတူညီဘဲရှိချိန်မှာ သူ့ရဲ့ဆန္ဒမဲကြောင့် မဲအရေအတွက် တူညီသွားတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌ ပါဝင်ဆန္ဒမဲပေးရတာမျိုး၊ ကိုယ်စားလှယ်ဦးရေ ထက်ဝက် သို့မဟုတ် (၃)ပုံ(၂)ပုံ မရှိဘဲ သူတက်ရောက်ခဲ့တဲ့အတွက် ထက်ဝက်ကျော် သို့မဟုတ် (၃)ပုံ(၂)ပုံ ပြည့်သွားတာမျိုးဖြစ်ပါတယ်။ ဒါကြောင့် အထက်ပါကိစ္စမျိုး မဖြစ်ရအောင် ကိုယ်စားလှယ်စိစစ်ရေးကိစ္စကို စနစ်တကျ သေချာစွာစိစစ်ပြီး ဆောင်ရွက်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနဲ့စပ်လျဉ်းလို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရန်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် မိမိတက်ရောက်နေသော အစည်းအဝေးတစ်ခုခုတွင် ထောက်ခံသည့်ဘက်ကိုဖြစ်စေ၊ ကန့်ကွက်သည့်ဘက်ကိုဖြစ်စေ ဆန္ဒမဲမပေးဘဲ နေပိုင်ခွင့်ရှိပါသည်။ ဤသည်မှာ ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်အစည်းအဝေးများ၊ ကမ္ဘာ့ကုလသမဂ္ဂ အစည်းအဝေးများတွင်လည်း ကျင့်သုံးနေသော အစဉ်အလာတစ်ခု ဖြစ်ပါသည်။

“လွှတ်တော်တွင် အဆုံးအဖြတ်ပြုမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာတွင် အခြားနည်း ပြဋ္ဌာန်းထားချက်မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်”ဟူသော အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်းကိုလည်း ထောက်ခံတင်ပြပြီး ဖြစ်ပါသည်။

ၟင်းအပြင် အထက်ပါ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက် ပြည်ထောင်စုလွှတ်တော် အမှတ်စဉ် ၈(က)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အမှတ်စဉ် ၇(က)(၁)၊ ၇(ခ)(၁)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အမှတ်စဉ် ၈(က)တွင် **“လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲမပေးဘဲ ကြားနေ နေလိုပါက နေပိုင်ခွင့်ရှိသည်”**ဟု ဖြည့်စွက်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်(၁၉)ချက်မှာ စေ့စပ်သေချာပြီး ပြည့်စုံတဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်လျော်ပါတယ်။ သီးခြားအကြံပြုချက်ပေးရန် မရှိပါကြောင်းနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားချက်များကို ထောက်ခံပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မယ့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နဲ့ စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြောကြားခဲ့တဲ့ အချက်(၁၉)ချက်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

“ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းပိုင်းနဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ အပိုဒ်(၁) မှ (၁၉)အထိ ဖော်ပြထားချက်များဟာ အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“အပိုဒ် ၇(က)၊ အပိုဒ်ခွဲ(၂)နဲ့ အပိုဒ် ၇(ခ)၊ အပိုဒ်ခွဲ(၂)တို့တွင် ‘အနိုင်မဲ’ ဟူသော စကားရပ်အစား‘အဆုံးအဖြတ်မဲ’ဟု အစားထိုးရန်နှင့် အပိုဒ် ၉၊ အပိုဒ်ခွဲ(က)နှင့် (ခ)တို့တွင် ‘အခွင့်အရေးမရှိသူတစ်ဦး’ဟူသော စကားရပ်အစား ‘အခွင့်အရေးမရှိသူတစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ’ဟူသော စကားရပ်ကို အစားထိုးသင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသွားတဲ့(၁၉)ချက်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

“၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက “နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူ(၁၉)ချက်”ကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီရှင်းလင်းချက်မှာပါဝင်တဲ့ အချက်များကို ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များက အသေးစိတ်လေ့လာခဲ့ကြပါတယ်။ အဲဒီလို လေ့လာခဲ့ကြရာမှာ အောက်ပါအချက်များကို လေ့လာတွေ့ရှိရပါတယ်–

- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သက်တမ်းစသည့်နေ့နှင့် ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်ကျင်းပမည့်အချိန်ကို တိတိကျကျ သတ်မှတ်ပေးထားခြင်း၊
- နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါ လုပ်ငန်းစဉ်များ အတိုင်း “ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးနောက် လွှတ်တော် အစည်းအဝေးများ စတင်ကျင်းပနိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ခေါ်ယူကျင်းပပေးရန် သတ်မှတ်ပေးထားခြင်း”ကိုလည်း တွေ့ရှိရပါတယ်။ ဒါ့ပြင်
- ကိုယ်စားလှယ်များ ကတိသစ္စာပြုရေးနှင့် ပတ်သက်၍ ဖော်ပြထားခြင်း၊
- လွှတ်တော်(၂)ရပ် ပုံမှန်အစည်းအဝေးကျင်းပရမည့်ကာလ ဖော်ပြထားခြင်း၊
- လွှတ်တော်(၂)ရပ်၏ ဆောင်ရွက်ရမည့် တူညီသော လုပ်ငန်းစဉ် (၈)ရပ်စီအား ဖော်ပြပေးထားခြင်း၊
- လွှတ်တော်(၂)ရပ်ရှိ ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်ရာတွင် အရေအတွက် မည်မျှတက်ရောက်ပါက အထမြောက်ကြောင်းဆိုင်ရာ အခြေခံမူ၊
- လွှတ်တော်(၂)ရပ်၏ ဆုံးဖြတ်ချက်များအား မဲခွဲဆုံးဖြတ်ရာတွင် ထားရှိရမည့် အခြေခံမူ၊
- လွှတ်တော်(၂)ရပ်၏ အစည်းအဝေးများတွင် ကိုယ်စားလှယ်များ ပျက်ကွက်ခြင်းအပေါ် အရေးယူခြင်းဆိုင်ရာ အခြေခံမူ၊
- လွှတ်တော်(၂)ရပ်၏ ဆုံးဖြတ်ချက်များသည် ကိုယ်စားလှယ်လစ်လပ်ခြင်း၊ အခွင့်အရေးမရှိသူ တက်ရောက်ခြင်းများကြောင့် မပျက်ပြယ်စေရေးဆိုင်ရာ အခြေခံမူ၊
- လွှတ်တော်(၂)ရပ်၏ ဆုံးဖြတ်ချက်များကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရေးအခြေခံမူ

စသည့် အခြေခံမူများကို လစ်ဟာမှုမရှိစေရအောင် ကြိုတင်တွေးဆ အကြံပြုတင်ပြထားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် ဥပဒေကြမ်းတင်သွင်းခွင့်၊ လွှတ်တော်(၂)ရပ်ရှိ ဥက္ကဋ္ဌများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း တိတိကျကျ ဖော်ပြထားပါတယ်။ အဲဒီအချက်များကတော့–

- လွှတ်တော်(၂)ရပ်၏ ဥပဒေကြမ်းတင်သွင်းခွင့်၊
- နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေဆိုင်ရာ လွှတ်တော်များ၏ ဆောင်ရွက်နိုင်ခွင့်၊
- ဥပဒေကြမ်းအား လွှတ်တော်များမှ အပြန်အလှန် ဆက်သွယ်ဆုံးဖြတ်ခွင့်၊
- ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်၊
- လွှတ်တော်(၂)ရပ်ရှိ ဥက္ကဋ္ဌများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် (၄)ချက်စီထားရှိခြင်း၊
- လွှတ်တော်ကိုယ်စားလှယ်များ၏ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒပြု မဲပေးခွင့်၊ ဆွေးနွေးခွင့်နှင့် အရေးယူနိုင်ခွင့်၊
- လွှတ်တော်အစည်းအဝေး တက်ရောက်နေသူအား ဖမ်းဆီးခွင့်၊
- လွှတ်တော်၏ အစီရင်ခံစာ စာရွက်စာတမ်းများ၊ မှတ်တမ်းများနှင့် တရားစွဲဆိုပိုင်ခွင့်မရှိစေရ

စသည့်အချက်များ ဖြစ်ပါတယ်။

အဲဒီလိုတွေ့ရှိချက်များဟာ လွှတ်တော်(၂)ရပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိန်းညှိပေးထားခြင်းဖြစ်လို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ်အခြေခံသင့်တဲ့ မူများဖြစ်ပါကြောင်း ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်အားလုံးတို့က ထောက်ခံပါကြောင်း”

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များပါ လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ဆက်သွယ်မှုဆိုင်ရာ လုပ်ငန်းများအပိုင်းပါ အသေးစိတ် အခြေခံရမည့်မူများဟာ ကျစ်လျစ်ခိုင်မာပြီး လွှတ်တော်များအချင်းချင်း (လွှတ်တော်တစ်ရပ်နှင့် တစ်ရပ်အကြား) လုပ်ငန်းများ စနစ်တကျ ဆက်သွယ်ထားရှိတဲ့အတွက် ယနေ့မျက်မှောက် နိုင်ငံတကာရေးရာများ၊ ဒေသတွင်း နိုင်ငံရေး၊ လူမှုရေးအခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းအခြေအနေများနှင့် သဟဇာတဖြစ်ပြီး ပြည့်စုံခိုင်မာမှုရှိကြောင်း သုံးသပ်ရရှိ။

*** ကျောဖုံးမှ**

တွေ့ဆုံပွဲသို့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျင်းပရေး ဦးစီး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးဆန်းဝင်းနှင့် ကော်မတီဝင်များ၊ ကျင်းပရေးဆပ်ကော်မတီ အသီးသီးမှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ အုပ်ချုပ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားရာတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ယခုနှစ် နေပြည်တော်၌ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည့်အတွက် ကော်မတီ၊ဆပ်ကော်မတီများအနေဖြင့် ပြည်နယ်၊ တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင် စီမံဆောင်ရွက်ထားကြသော်လည်း အခက်အခဲတစ်စုံတစ်ရာတွေ့ရှိပါက နားလည်ခွင့်လွှတ်ပေးကြရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများအနေနှင့် အခက်အခဲရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အမြန်ဆုံး သတင်းပို့ ညှိနှိုင်းခြင်းဖြင့် ပြိုင်ပွဲကြီးအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း။

ပြသသွားမည်

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည့်အတွက် နေရာသစ်၊ ပတ်ဝန်းကျင်သစ်များတွင် ယခင်နှစ် ပြိုင်ပွဲများနည်းတူ ခမ်းခမ်းနားနား၊ အဆင်ပြေပြေနှင့် ပြိုင်ပွဲဝင်နိုင်ရန် အတွက်လည်း သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများက စီမံဆောင်ရွက်ထားကြကြောင်း၊ နေရာသစ်ဖြစ်သည့်အတွက် လမ်းညွှန်ဆိုင်းဘုတ်များကိုလည်း ရေဆင်းနယ်မြေတစ်ဝိုက် လမ်းဆုံလမ်းခွများတွင် စိုက်ထူထားသည့်အပြင် သက်ဆိုင်ရာ တက္ကသိုလ်များကလည်း "စုံစမ်းရေးဌာန"များကို ဖွင့်လှစ်ပြီး ပြိုင်ပွဲဝင်များနှင့် လာရောက် ကြည့်ရှုအားပေးမည့်သူများကို ပြသသွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင်များ ပြိုင်ပွဲကျင်းပမည့် နေရာများကို အချိန်မီရောက်ရှိစေရေးအတွက် ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီနှင့် ပြည်နယ်၊ တိုင်း အုပ်ချုပ်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နေ့စဉ် ပြိုင်ပွဲများ အဆင်ပြေစွာကျင်းပနိုင်ရန်အတွက်လည်း ယမန်နှစ်များကဲ့သို့ နေ့စဉ်ညနေတိုင်း ကော်မတီ၊ ဆပ်ကော်မတီနှင့် ပြည်နယ်၊ တိုင်း အုပ်ချုပ်သူများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဆက်လက်ပြီး ပြုလုပ်သွားကြရန်လည်း လိုအပ်ကြောင်း၊ နောက်တစ်နေ့ပြိုင်ပွဲမှာ လန်းဆန်းပျော်ရွှင်စွာဖြင့် ယှဉ်ပြိုင်နိုင်စေရန် အုပ်ချုပ်သူများက စနစ်တကျ စီမံဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

ယခုနှစ် ပြိုင်ပွဲဝင်ဦးရေ ၂၁၅၆ဦး ရှိပြီး ပြိုင်ပွဲဝင်များ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တည်းခိုနေထိုင် ပြိုင်ပွဲဝင်နိုင်ရေးအတွက် အဘက်ဘက်က လိုလေသေးမရှိပြီးပြည့်စုံအောင်ကြိုတင် စီမံဆောင်ရွက်ထားသည့်အတိုင်း ပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင်လည်း နိုင်ငံတော်အဆင့် ကျင်းပသည့် အမြင့်ဆုံး ပြိုင်ပွဲကြီးဖြစ်သည့်အတွက် မှန်မှန်ကန်ကန် အစွမ်းကုန် ယှဉ်ပြိုင်ကြရန်လိုကြောင်း၊ အမှန်တကယ် ရသင့်ရထိုက်သူကို ထိုက်တန်သည့် ဆုချီးမြှင့်နိုင်ရေး အတွက် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီမှ ပြင်ဆင် စီမံဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ အကဲဖြတ်ဒိုင်များအနေနှင့် အကဲဖြတ်အမှတ်ပေးရာမှာ အဂတိတရားကင်းရှင်းစွာနှင့် ဖြောင့်မတ်မှန်ကန်စွာ အစင်ကြယ်ဆုံး အကဲဖြတ်အမှတ်ပေးကြရန် ကြပ်မတ် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

တက်ညီလက်ညီ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ကျန်းမာရေးအတွက် တစ်ကိုယ်ရေ ကျန်းမာရေး ဂရုစိုက်နေထိုင်သွားလာလှုပ်ရှားရန်၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကိုသာ ချင့်ချိန်ရွေးချယ် စားသောက်ရန်၊ စိတ်ကြည်လင် လန်းဆန်းစွာ ပြိုင်ပွဲဝင်နိုင်ရေးအတွက် ပြိုင်ပွဲကြီးကို အင်တိုက်အားတိုက်ဖြင့် စနစ်တကျပါဝင်ယှဉ်ပြိုင်ကြရန်အတွက် ကော်မတီ၊ ဆပ်ကော်မတီများနှင့် ပြည်နယ်၊ တိုင်း အုပ်ချုပ်သူများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြပါဟု ပြောကြားသွားသည်။

ထို့နောက် ပြည်နယ်၊ တိုင်းများမှ အုပ်ချုပ်သူများက ဆွေးနွေးတင်ပြကြရာ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

တွေ့ဆုံပွဲအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆိုင်ခန်းအရောင်းဆိုင်များအား လိုက်လံကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

လှိုင်မဟာစည် ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၁)ရပ်ကွက် ယောဂီကျောင်းလမ်း လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်တွင် (၂၈)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်ပွဲနှင့် မိဂဒါဝုန်ဝိပဿနာသင်တန်း ၁၇ ရက် စခန်းသိမ်းပွဲကို အောက်တိုဘာ ၂၂ ရက်(တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ လှိုင်မဟာစည် ဖြတ်ပိုင်း အကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ စုဘူးအလှူရှင်များ၊ ယောဂီများနှင့် ဓမ္မမိတ်ဆွေသူတော်ကောင်း အပေါင်းတို့သည် နံနက် ၈ နာရီခွဲတွင် တရားတော်နာကြွရောက်ကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

စင်ကာပူ အမျိုးသားဆေးရုံကြီးမှ ဌာနမှူး၊ သမားတော်ကြီးများနှင့် မြန်မာသမားတော်ကြီးများ ပူးတွဲဆောင်ရွက်မှုကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း အသည်းနှင့် အစာအိမ်အူလမ်းကြောင်း အထူးကုဆရာဝန်များအဖွဲ့နှင့် စင်ကာပူ သမ္မတနိုင်ငံ National Healthcare Group တို့၏ ဆေးပညာဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ စင်ကာပူ အမျိုးသားဆေးရုံကြီးမှ ဌာနမှူး၊ သမားတော်ကြီးများဖြစ်ကြသော Prof: Ho Khek Yu နှင့် Prof: Lim Seng Gee တို့ ပါဝင်သောအဖွဲ့သည် Mascots Healthcare ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ လာရောက်ပြီး မြန်မာသမားတော်ကြီးများနှင့် ပူးတွဲဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် သည်းခြေနှင့် ပန်ကရိယလမ်းကြောင်းဆိုင်ရာ မှန်ပြောင်းဖြင့် ကြည့်ရှုကုသခြင်း (ERCP) အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌လည်းကောင်း၊ အသည်းနှင့် အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ရောဂါရှင်တို့အား ပူးပေါင်းစမ်းသပ်ဆွေးနွေးခြင်းကို မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့၌ အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်းကောင်း၊ ပညာရပ်ဆိုင်ရာ နောက်ဆုံးပေါ် တိုးတက်ဖွံ့ဖြိုးမှုများအကြောင်း ဟောပြောပွဲကို Park Royal Hotel ၌ အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက စင်ကာပူသမ္မတနိုင်ငံ National Healthcare Group ၏ ဌာနေကိုယ်စားလှယ် Mascots Healthcare အမှတ်(၃၃)ဘီ ပြည်ထောင်စုရိပ်သာလမ်း ရန်ကုန်မြို့ ဖုန်း-၂၂၁၃၄၇ နှင့် ၂၁၁၄၇၀ တို့သို့ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသ မိုးဆက်လက်ထစ်ချုန်းမည်

ရန်ကုန် အောက်တိုဘာ ၁၃

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

အောက်တိုဘာ ၁၄ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၌ နေရာကျဲ ကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ရေဒီယိုစာအုပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ မကျည်းတန်းတောင်(အရှေ့)ရပ်ကွက်၊ သုတ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ရေဒီယို၊ စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်စည်ပင်သာယာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသော်ဇင်၊ မြို့နယ် ပြန်ဆက် ဦးစီးမှူး ဒေါ်ချိုချိုလတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ သုတ စာကြည့်တိုက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲကို ပြိုင်ပွဲဝင် ငါးဦးယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

ရေဒီယိုလှူဒါန်း

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ရုံးသို့ မကျည်းတန်းတောင်(အရှေ့) ရပ်ကွက် ဥက္ကဋ္ဌ ဦးသော်ဇင်နှင့် အဖွဲ့ဝင်များက ရေဒီယိုတစ်လုံး၊ ရပ်ကွက်မှ ပြည်သူများက နယ်လှည့်စာကြည့်တိုက်များတွင် အသုံးပြုရန် သုတ၊ ရသမဂ္ဂဇင်း အုပ် ၅၀ လှူဒါန်းရာ ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဒေါ်ချိုချိုလတ်က လက်ခံရယူသည်။

ထောက်ပံ့ဖြည့်ဆည်း

သုတ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်က သုတ၊ ရသမဂ္ဂဇင်းစာအုပ် ၆၀ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးသော်ဇင်က လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

နေပြည်တော် အောက်တိုဘာ ၁၃

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း (ရွာတော်)သို့ ရောက်ရှိနေကြသော ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ အဆို၊ အက၊ အရေး၊ အတီး အဖွဲ့များ သက်သာချောင်ချိစွာ ဝယ်ယူနိုင်ရန် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ သမဝါယမအသင်းများနှင့် တပ်မိသားစုများက အရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ပေးအပ်ချီးမြှင့်

အောက်တိုဘာ ၁၃ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးသည့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် စေတနာညကျောင်း ဖွင့်လှစ်ခြင်းနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အထက (၁) လမ်းမတော် (စိန့်ဂျွန်း) ကျောင်းသားဟောင်းများ ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက (၁) လမ်းမတော် ယခင်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများ၏ ကထိန်သင်္ကန်းကပ်လှူပွဲကို အောက်တိုဘာ၂၁ရက် (တန်ဆောင်မုန်းလဆန်း ၁ ရက်) စနေနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ အမှတ် ၃၀ ဗဟို လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်လှူဒါန်းပါဝင်ကြပါရန် အမှုဆောင်အဖွဲ့(ဖုန်း-၂၁၁၆၇၁)က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ထူးဆန်းသော မွေးနေ့ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီခေါ် CRPP အတွင်းရေးမှူး ဦးအေးသာအောင်၏ ၆၁ နှစ်မြောက် မွေးနေ့ပွဲကို ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ရှိ သာသနာ့သိပ္ပံကျောင်း၌ အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အဆိုပါမွေးနေ့ပွဲအခမ်းအနားတွင် သာသနာ့သိပ္ပံကျောင်း ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး သီလခံယူ၍ သြဝါဒ ပရိတ်တရားတော်များ နာကြားကာ လှူဖွယ်များ ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

အဆိုပါ မွေးနေ့ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ရွေးချယ်ခံ ကိုယ်စားလှယ်များ၊ ဗဟိုအမျိုးသမီး လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်းစည်းရုံးရေးအဖွဲ့ဝင်များ၊ မြို့နယ်အချို့မှ ပါတီဝင်များ၊ CRPP အဖွဲ့ဝင်များ၊ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်ဆိုသူများ၊ "၈၈"မျိုးဆက် ကျောင်းသားအုပ်စုဝင်များ၊ အမေရိကန်သံရုံး ပြန်ကြားရေးဌာနမှ Miss. Kin နှင့် ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ခဲ့ကြသည်ဟု သိရသည်။

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်သည် ဖျက်သိမ်းခဲ့ပြီးဖြစ်သော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့် နှစ်ပတ်လည်နေ့ဖြစ်ပြီး ဦးအေးသာအောင်၏ ၆၁ နှစ်ပြည့်မည့် မွေးနေ့အမှန်မှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်ဖြစ်သည့်အတွက် ထူးဆန်းသော မွေးနေ့ပွဲတစ်ခုအဖြစ် အများပြည်သူအကြား ပြောဆိုနေကြကြောင်း သတင်းရရှိသည်။ **(က-ပ)**

အောင်လံမြို့နယ်အသင်း ဘုံကထိန်သင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၁၃

အောင်လံမြို့နယ်သူ နယ်သားများက (၃၂)ကြိမ်မြောက် စုပေါင်းမဟာ ဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း၁ရက်) အောက်တိုဘာ၂၁ရက်(စနေနေ့)နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့မုခ် ကြားတောရလမ်းရှိ သက္ကနိမ္မိတာရုံသီလရှင်စာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။ အောင်လံမြို့နယ်သူ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် သင်္ကန်းတစ်စုံကျပ် ၄၀၀၀၊ ထီး၊ ဖိနပ်ကျပ် ၁၅၀၀ တို့ဖြင့် ပါဝင်လှူဒါန်းနိုင်ပြီး ဦးကြော့မောင်မောင်ညွန့် ဖုန်း-၅၅၅၈၉၃ နှင့် ဆရာကြီး ဒေါ်ကြွန္တနန္ဒီ ဖုန်း-၃၈၀၈၆၀ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ငလိုက်ရေလှောင်တမံ ရေရှည်တည်တံ့အောင် မျက်ခြည်မပြတ်ဆောင်ရွက် ဆည်ရေသောက်လယ်မြေများ စိုက်ပျိုးရေရရှိရေး စနစ်တကျစီစဉ်

နေပြည်တော် အောက်တိုဘာ ၁၃

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ငလိုက်ရေလှောင်တမံသို့ သွားရောက်၍ ရေပိုလွှဲနှင့် ရေထိန်းမျှော်စင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စနစ်တကျစီစဉ်ဆောင်ရွက်

ထို့နောက် တိုင်းမှူးအား ရေလှောင်တမံရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင်က ငလိုက်ရေလှောင်တမံ၏ ဆည်ရေသောက် စိုက်ပျိုးမြေဧကများအခြေအနေ၊ ပွင့်လင်းရာသီတွင် ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ငလိုက်ရေလှောင်တမံ ရေရှည်တည်တံ့အောင် မျက်ခြည်မပြတ် ကြည့်ရှုစစ်ဆေးဆောင်ရွက်ရေး၊ ဆည်ရေသောက် လယ်မြေဧကများ စိုက်ပျိုးရေအပြည့်အဝရရှိစေရန် စနစ်တကျစီစဉ်ဆောင်ရွက်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ငလိုက် ရေလှောင်တမံသည် ပျဉ်းမနားမြို့နယ်ရှိ လယ်မြေ ၁၃၁၅၇ ဧကနှင့် လယ်ဝေးမြို့နယ်ရှိ လယ်မြေ ၄၆၁၀ ဧကတို့သို့ ရေပေးဝေလျက်ရှိကြောင်း သိရသည်။

မှာကြားညွှန်ကြား

ထို့နောက် တိုင်းမှူးသည် တောင်ညို–ပျဉ်းမနား ကားလမ်းဘေးရှိ ဖောင်းလောင်ချောင်း ရေလှောင်တမံ တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်တော်ဦးကျောင်း မဟာဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၃

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲနှင့် စာရေးတံမဲလှူဒါန်းပွဲတို့ကို အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်အပေါင်းတို့အား အနုမောဒနာပြု ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍရှိ အရာထမ်း၊ အမှုထမ်းများ အရည်အသွေးမြင့်မားစေရန်ရည်ရွယ်၊ သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်

ရန်ကုန် အောက်တိုဘာ ၁၃

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၈)သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍရှိ အရာထမ်း၊ အမှုထမ်းများ၏ အရည်အသွေးများ အမြဲမြင့်မားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများ အနေနှင့် သင်တန်းပို့ချသည့် စီးပွားရေးပညာရပ်များ၊ စာရင်းကိုင်နှင့် စာရင်းစစ် ဘာသာရပ်များအပြင် ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်ခြင်းဖြင့် မိမိတို့လုပ်ငန်းခွင်ကို ပြန်လည်ရောက်ရှိချိန်တွင် အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတများကို အကျိုးရှိရှိ အသုံးချပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ဘဏ်လုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အမြဲမပြတ် အာရုံစူးစိုက် ကြိုးပမ်းနေကြရန်ဖြင့် မှာကြားပြီး ထူးချွန် သင်တန်းသားများအား ဆုများ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဂုဏ်ပြုမှတ်တမ်း

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းဆင်း လက်မှတ်များ၊ သင်တန်းပို့ချပေးသော ဆရာ ဆရာမများနှင့် သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

၁၀ ပတ်ကြာ

အဆိုပါသင်တန်းသို့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း သင်တန်းသား ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၀ ပတ်ကြာမြင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

၁၉၆၉ မှ ၁၉၇၃ ခုနှစ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ပွဲအတွက် အလှူငွေနှင့် ကန်တော့ပစ္စည်းထည့်ဝင်လိုသူများသည် ဦးမြင့်သိန်းတင် ဖုန်း–၃၈၃၇၂၁၊ ၀၉–၅၀–၀၉၆၄၂၊ ဦးမြင့်သူ ဖုန်း– ၂၅၆၆၂၁၊ ၀၉–၈၀–၂၁၄၆၆၊ ဦးဇော်ရှိန်မြင့် ဖုန်း–၃၈၈၇၀၈၊ ဦးအေးသွင် ဖုန်း–၀၉–၅၁–၄၄၈၀၆၊ ဦးသန်းစိန် ဖုန်း– ၂၀၂၀၇၁–၇၂–၇၃၊ ဒေါက်တာတင်ခိုင်မြင့် ဖုန်း–၇၂၅၂၅၃ နှင့် ၂၅၁၅၁၀၊ လိုင်းခွဲ–၂၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၁၄–၁၀–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၃၅	၆။	အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဆရာတော် ဦးဃောသိတ တရားတော် **"ဖဂ္ဂုနရဟန်း"**

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **"ညာတာလေးပဲ ယုံချင်တယ်"** လူမင်း၊ အိန္ဒြာကျော်ဇင်
၁၃:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄:၃၅	၄။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၃၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၇။	နိုင်ငံတကာသတင်း
၆:၂၀	၈။	မိုးလေဝသသတင်း
၆:၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၀။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀	၁၁။	လျှပ်တစ်ပြက်
၇:၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း–၂၄)
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုအငြိမ့် **"မြဝတီအငြိမ့်"**
	၁၆။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၇။	English Premier League ဘောလုံးပွဲ Reading Vs Chelsea (Live)

သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက် ဘုံကထိန်နှင့် ကျောင်းဆောင်သစ် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိ စာသင်တိုက်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်နှင့် နဝရတ်ဗိမာန်သုံးထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်) အောက်တိုဘာ ၂၂ ရက် (တနင်္ဂနွေနေ့)တွင် သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက် နဝရတ်ဗိမာန် သုံးထပ်ကျောင်းဆောင်သစ်၌ ကျင်းပမည်ဖြစ်သဖြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီး အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကုသိုလ် ယူနိုင်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁၀–၂၀၀၆

(စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ရေလယ်ပေါ်ထွန်း ကျိုက်မှော်ဝန်း တင့်ရွှန်းသပ္ပာယ် ကြည်ညိုဖွယ်
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	တစ်ပတ်အတွင်း အားကစားသတင်း
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	ခံတွင်းတွေ့စေမှာသေချာ မြန်မာ့ပင်လယ်ငါးဟင်းလျာ
၈:၀၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	နိုင်ငံတကာအနုပညာရေးရာ
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ကြည်နူးကုသိုလ်ပြုကြမယ် သာသနာ့ပုဂံမြေဝယ်
၈:၄၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	စီးပွားဖြစ်သစ်ခွစိုက်ကြရအောင်
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	Fashion Fever (မိတ်ကပ်နှင့် ဒီဇိုင်နာ ခင်စန်းဝင်း၏ မင်္ဂလာသတို့ သမီးဝတ်စုံနှင့် ပွဲတက်ဝတ်စုံ ဖက်ရှင်ပြပွဲ)
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	သုံးစွဲမနေး မြန်မာတိုင်းရင်းဆေး (တပင်တိုင်မြနန်း)
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	သွေးကုသိုလ်
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅	လိုက်နာကြပါ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ကလေးတို့အတွက်လက်ဆောင် (အင်္ကျီ၊ ကျီးကန်း)
၁၁:၁၅	သတ္တုတူးသောရွာကလေး
၁၁:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ကာဗွန်ဒိုင်အောက်ဆိုဒ်အခဲ ရေခဲခြောက်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၅:၃၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၆:၁၀	Wigan-Man:U	5-Sports (live)
၈:၂၅	Liverpool-Blackburn	5-Sports(live)
	Arsenal-Watford	5-Series(Live)
	Aston Villa-Tottenham	5-Cartoons(live)
၁၀:၄၀	Reading-Chelsea	5-Series(Live)
၁၁:၀၀	Portsmount-West Ham	5-Sports(SDD)

❐ ကျောဖုံးမှ

တစ်ဖက်သတ်စွပ်စွဲချက်သာဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာချုပ် အပိုဒ် ၂၄ နှင့်သော်လည်းကောင်း၊ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီး၏ ဘန်ဒေါင်းညီလာခံကြေညာချက် မူငါးချက်နှင့်သော်လည်းကောင်း ဆန့်ကျင်နေပါသည်။

၂။ မြန်မာပြည်တွင်းရေးအခြေအနေသည် ယခင်ခေတ်အဆက်ဆက်နှင့် မတူညီဘဲ အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုး တိုးတက်မှု အသီးအပွင့်များကို ပြည်သူများ ရရှိခံစားနေရသည်မှာ လက်တွေ့ဖြစ်ပါသည်။ ဤသို့ လက်တွေ့ကျသော အခြေအနေမှန်ကို လျစ်လျူရှုလျက် အပျက်သဘောဖြင့်သာ ရှုမြင်သုံးသပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ–

(က) နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာအောင် ရည်ရွယ်၍ပြုလုပ်ခြင်း၊

(ခ) အမျိုးသားညီလာခံအပေါ် ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်၍ လုပ်ဆောင်ခြင်း၊

(ဂ) နိုင်ငံတော်၏ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်ဖော်မှုတို့ကို ပျက်စီးစေရန် ကြံရွယ်လုပ်ဆောင်ခြင်းသာ ဖြစ်ပါသည်။

၃။ ထို့ကြောင့် အမေရိကန်က ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအား မိမိဦးဆောင်သော ငြိမ်းချမ်းရေးအဖွဲ့အနေဖြင့် လက်မခံကြောင်းနှင့် ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဖဒိုအောင်ဆန်း
အဖွဲ့ခေါင်းဆောင်

သံလွင်မြစ်ရေ ဘားအံမြို့ စိုးရိမ်ရေမှတ်

ရန်ကုန် အောက်တိုဘာ ၁၃

သံလွင်မြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၂၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ သို့ ရောက်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

အီတလီနှင့်ပြင်သစ် ပြိုင်ဘက်အသင်းများအပေါ် ခြေစွမ်းပြ

ဂျာမနီအသင်း ရှုံးပွဲမရှိ စံချိန်ဆက်လက်ထိန်းထားနိုင်ဆဲ

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ရောမ အောက်တိုဘာ ၁၃

ကမ္ဘာ့ချန်ပီယံအီတလီအသင်းသည် ယူရို၂၀၀၈ ခြေစစ်ပွဲအဖြစ် ဂျော်ဂျီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

အီတလီအသင်းအတွက် အနိုင်ဂိုးကို ဒီရော့ဆီက ပွဲစပြီး ၁၈ မိနစ်အကြာတွင် ဖွင့်ဆော်ဦးဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ဂျော်ဂျီယာတို့ ပွဲချိန် ၂၆ မိနစ်တွင် ရှာရှီးယက်ဗီလီက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အနိုင်ဂိုးသွင်း

သို့သော်လည်း အီတလီတို့ အနိုင်ဂိုးရရှိရေးအတွက် ဆက်လက် အကြိတ်အနယ် ယှဉ်ပြိုင်ရာ ပွဲချိန် ၆၃ မိနစ်တွင် ကာမိုရာနက်စီက ဒုတိယမြောက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် ပါရော့တာက အီတလီအသင်းအတွက် တတိယဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အီတလီအသင်းသည် အုပ်စု(ခ)တွင် လေးပွဲကစားရာ၌ နှစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲ ရှုံးနိမ့်ထားသည်။

ဂျာမနီအသင်းမှ ပိုဒေါစကီး (အလယ်) **ဆလိုဗက်ကီးယား နောက်တန်းကို ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်အသင်းမှ ဒေးဗစ်ထရက်ဇီဂေး (ဝဲ)**နှင့် ဖာရိုကျွန်းစုမှ နယ်ဆင်တို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။**

(ဓာတ်ပုံ-အင်တာနက်)

စလိုဗက်ကီးယား-ဂျာမနီ

၂၀၀၆ကမ္ဘာ့ဖလား တတိယဆုရ ဂျာမနီအသင်းသည် စလိုဗက်ကီးယား အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

တစ်ဂိုးစီသွင်း

ဂျာမနီအသင်းအတွက် အနိုင်ဂိုးများကို ပိုဒေါစကီးက အဖွင့်ဂိုးနှင့် အပိတ်ဂိုးနှစ်ဂိုးသွင်းယူပေးခဲ့ပြီး မိုက်ကယ်ဘောလက်နှင့် ရှဝိန်စတိန်ဂါတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။

ဒုတိယနေရာ

ဂျာမနီအသင်းသည် ယူရို ၂၀၀၈ ပြိုင်ပွဲတွင်သုံးပွဲကစား သုံးပွဲအနိုင် ရရှိထားပြီး အုပ်စု(ဃ)တွင် ချက်အသင်းနောက်မှ ဒုတိယနေရာတွင်ရှိနေသည်။

ဦးဆောင်လျက်ရှိ

ယူရို ၂၀၀၈ ပြိုင်ပွဲများ ကစားလာသည်မှာ လေးပွဲမြောက်ရှိပြီဖြစ်သည်။ အချို့သော အသင်းများသည် လေးပွဲကစား၊ အချို့မှာ သုံးပွဲသာ ကစားရသေးသည်။

အုပ်စု(က)တွင် ဆားဘီးယားနှင့် ဖင်လန်အသင်းတို့သည် လည်းကောင်း၊ အုပ်စု (ခ)တွင် စကော့တလန်နှင့် ပြင်သစ်တို့သည်လည်းကောင်း၊ အုပ်စု (ဂ)တွင် တူရကီနှင့်ဂရိတို့သည် လည်းကောင်း၊ အုပ်စု(ဃ)တွင် ချက်နှင့်ဂျာမနီတို့သည် လည်းကောင်း၊ အုပ်စု(င)တွင် ခရိုအေးရှားနှင့်အင်္ဂလန်တို့သည်လည်းကောင်း၊ အုပ်စု(စ)တွင် ဆွီဒင်နှင့် ဒိန်းမတ်တို့သည်လည်းကောင်း၊ အုပ်စု(ဆ)တွင်နယ်သာလန်နှင့်ဘူလ်ဂေးရီးယားတို့ သည်လည်းကောင်း အသီးသီး ဦးဆောင်လျက်ရှိသည်။ **(အင်တာနက်)**

ပြင်သစ်-ဖာရိုကျွန်းစု

အုပ်စု(ခ)မှ ပြင်သစ်အသင်းသည် ပြီးခဲ့သောအပတ်က စကော့တလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ယခုသီတင်းပတ်တွင် ဖာရိုကျွန်းစုအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရလိုက်သည်။

ဆက်လက်ကြိုးစား

ပြင်သစ်အသင်းအတွက် အနိုင်ဂိုးများကို ဆာဟာ၊ အွန်နရီနှင့် အနယ်ကာတို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ဒေးဗစ်ထရက်ဇီဂေးက နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပြင်သစ်အသင်းသည် အုပ်စု(ခ)တွင် လေးပွဲကစားရာ တွင် သုံးပွဲအနိုင်ရထားပြီဖြစ်၍ အခြေအနေကောင်းလာသည်။ သို့သော်လည်း ယင်းအုပ်စုမှ စကော့တလန်၊ ပြင်သစ်၊အီတလီနှင့်ယူကရိန်းတို့သည် ဒုတိယအဆင့် တက်လှမ်းနိုင်ရေး အကြိတ်အနယ် ဆက်လက်ကြိုးစားရလိမ့်မည်ဖြစ်သည်။

ယူရိုခြေစစ်ပွဲ အင်္ဂလန်ရှုံးပွဲကြုံရ

ယူကရိန်းက စကော့တလန်ကိုအနိုင်ကစား

ရေးသားတင်ပြသူ

မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၁၃

ယူရို ၂၀၀၈ ခြေစစ်ပွဲ ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ၁၁ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာအုပ်စု(င)မှ အင်္ဂလန်အသင်းသည် ခရိုအေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ခရိုအေးရှားအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို အီဒူယာဒိုက ပွဲချိန်၆၁မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့် သွင်းယူပေးခဲ့သည်။ ယင်းဂိုးသွင်းပြီး ရှစ်မိနစ်အကြာ ဂါရီနဗီးလ်က ဘောလုံးကိုနောက်ပြန်ပေးရာမှ အမှတ်မထင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းပေးလိုက်သကဲ့သို့ ဖြစ်သွားခဲ့သည်။

ကာကွယ်ပေးနိုင်

သို့သော်လည်း အင်္ဂလန် ဂိုးသမားရော်ဘင်ဆင်သည် ခရိုအေးရှားအသင်း၏ တိုက်စစ်ဂိုးများစွာကို ကာကွယ်ပေးနိုင်ခဲ့သည်။

ဂိုးသွင်းခွင့်ပိုရ

အင်္ဂလန်နည်းပြ မက်ကလာရင်သည် ၃-၅-၂ ကစားကွက်ကို သုံးခဲ့၍ နောက်တန်းခံစစ်လျော့ကျကာ ခရိုအေးရှားတို့ ဂိုးသွင်းခွင့်များ ပို၍ရခဲ့သည်။

ခေါင်းတိုက်သွင်း

ခရိုအေးရှားအသင်းသည် ဒုတိယပိုင်းတွင် ပို၍ ဖိကစားလာနိုင်ခဲ့၍ အင်္ဂလန်ဂိုးသမား ရော်ဘင်ဆင်သည် သေချာပေါက် ဂိုးများကို ကာကွယ်ပေးခဲ့ရသည်။

အင်္ဂလန်တိုက်စစ်မှူး ရွန်နေမှာလည်း ခြေစွမ်းမပြနိုင်ဘဲရှိသည်။ ရွန်နေတင်ပို့လိုက်သော ဘောလုံးကို ပီတာခရောက်ချ်ခေါင်းတိုက်သွင်းယူသော်လည်း ဘားတန်းပေါ် ကျော်တက်သွားသည်။

ခရိုအေးရှားမှ ကိုဗက်(ဝဲ)၏ ထိုးဖောက်မှုကို အင်္ဂလန်မှ မိုက်ကယ်ကာရစ်က ဤသို့ ဟန့်တားခဲ့သော်လည်း..... (ဓာတ်ပုံ-အင်တာနက်)

ချေပဂိုးမသွင်းနိုင်

အင်္ဂလန်နည်းပြ မက်ကလာရင်သည် ရိုက်ဖီးလစ်၊ ဒီဖိုးနှင့် ရစ်ချတ်ဘွန်တို့ကို လဲကစားသော်လည်း ခရိုအေးရှားအသင်းကို ချေပဂိုးမသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။ အင်္ဂလန်အသင်းသည်နည်းပြ မက်ကလာရင်လက်ထက်တွင် ပထမဆုံးအရှုံးဖြင့်ရင်ဆိုင်ခြင်းဖြစ်သည်။ အင်္ဂလန် အသင်းသည် ယူရိုခြေစစ်ပွဲ လေးပွဲကစားရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် တစ်ပွဲရှုံးနိမ့်ထားသည်။

ဆက်လက်ဦးဆောင်

စကော့တလန်အသင်းသည် အုပ်စု(ခ)တွင် လေးပွဲကစား၊ သုံးပွဲအနိုင်ရထား၍ အုပ်စုကို ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။ (ဓာတ်ပုံ-အင်တာနက်)

ထိုးဖောက်ကစား

စကော့တလန်နောက်တန်းကို ယူကရိန်း တိုက်စစ်မှူး ရှက်ဗ်ချင်ကို (အလယ်)**က ဤသို့ထိုးဖောက်ကစားခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

ယူကရိန်း-စကော့တလန်

ယူကရိန်းအသင်းသည် အုပ်စု (ခ)ကို ဦးဆောင်နေသော စကော့တလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ စကော့တလန်အသင်းသည် ယူကရိန်းကွင်း၌ ခံစစ်ဖြင့် ကစားခဲ့ရသည်။ သို့သော် ပွဲချိန် မိနစ် ၆၀ တွင် ကူချာက စကော့တလန်၏ နောက်တန်းခံစစ်ကို ထိုးဖောက်လျက် ဖွင့်ဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။

အနိုင်ဂိုးသွင်း

ပွဲချိန် ၈၆ မိနစ်တွင် စကော့တလန် ကစားသမား စတီဗင်ပရက်စလေ အနီကတ်ဖြင့်ထွက်သွားရသည်။ ပွဲသိမ်းချိန်တွင် ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကိုက အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် ဒုတိယမြောက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယူကရိန်းအသင်းသည် ယူရိုခြေစစ်ပွဲအဖြစ် သုံးပွဲကစားရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

အခြားပွဲရလဒ်များ

ကာဇက်စတန်	၀	-	၂	**ဖင်လန်**
ဆားဘီးယား	၃	-	၀	**အာမေးနီးယား**
ပိုလန်	၂	-	၁	**ပေါ်တူဂီ**
ဘယ်လ်ဂျီယံ	၃	-	၀	**အဇာဘိုင်ဂျန်**
မော်လ်တာ	၂	-	၁	**ဟန်ဂေရီ**
ဘော့စနီးယား	၀	-	၄	**ဂရိ**
တူရကီ	၅	-	၀	**မော်ဒိုဗာ**
အိုင်ယာလန်	၁	-	၁	**ချက်**
ဝေလ	၃	-	၁	**ဆိုက်ပရပ်(စ်)**
အင်ဒိုရာ	၀	-	၃	**မက်ဆီဒိုးနီးယား**
ရုရှား	၂	-	၀	**အက်စ်တိုနီးယား**
အိုက်စလန်	၁	-	၂	**ဆွီဒင်**
လက်ချင်စတိန့်	၀	-	၄	**ဒိန်းမတ်**
မြောက်အိုင်ယာလန်	၁	-	၀	**လတ်ဗီးယား**
ဘီလာရုစ်ဇ်	၄	-	၂	**ဆလိုဗေးနီးယား**
လူဇင်ဘတ်	၀	-	၁	**ဘူလ်ဂေးရီးယား**

(အင်တာနက်)

UNIQUE STAR TRAVELS & TOURS CO.,LTD
Oct. 20,27, Nov. 3,10,17,24 (15000, 49000)
Nov.2 (95000)
Oct.19,26 Nov.9,16. (75000)
Oct.19,26 Nov.9,16 (75000)
Nov.2,
Hotel (2) (78888)
Rm(31),Ground Floor,Asia Plaza,Seikkanthar Street
391 372, 391 373, 391 419, 09 514 8079

Sea Food
(17.10.06)-(21.10.06)
(23.10.06)-(27.10.06)
(17.10.06)-(21.10.06) (23.10.06)-(27.10.06)
EAC 01-374103, 09-5134497

KMD Computer Centre Practical A+
Intel Socket 775, Serial ATA P4
Hardware Technician
Duration (40) Hours

မန္တလေးတိုင်း မြင်းခြံမြို့နေ မိဘများ — မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် မန္တလေးတိုင်း မြင်းခြံမြို့နေ မိဘများအားရည်စူး၍ ဒေါ်စန်းမိသားစုကလှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းကို အကျိုးဆောင်ဒေါ်မြစိန်က လက်ခံပြီး ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီးပရိယတ္တိ စာသင်တိုက်၌ ကျောင်းဘဏ္ဍာရေးမှူး အရှင်မာမက (M.A)က ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။

(က-ပ)

ဖြူးဆရာတော် တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၃

ပြည်တွင်းပြည်ပသာသနာပြု နိုင်ငံကျော်ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော်ဘဒ္ဒန္တနရပတိသည် ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ ဓမ္မဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ၌ (၁၃)ကြိမ်မြောက် ဦးသန်းမင်း-ဒေါ်စန်းမြင့်ရီ မိသားစုတို့၏ကထိန်ဒါနပွဲတွင် အောက်တိုဘာ၁၈ရက်နှင့် ၁၉ရက်များ၌နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်အဝင်လမ်း မဂ္ဂင်လမ်းမကြီး ခင်းရန်အတွက် ဦးစည်သူမောင်မိသားစု ၇ လမ်း (၁၁) ရပ်ကွက် တောင်ဥက္ကလာပက အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်လင်း၏ နိုင်ငံသားကတ် ၁၂/သလန(နိုင်)၁၁၄၉၈၆၊ ကျောင်းသားကတ်၊ အမှတ်စာရင်းများ သထုံလမ်း၌ကျပျောက်ခဲ့ပါသည်။ တွေ့ရှိခဲ့ပါက ဖုန်း-၀၅၆-၂၁၄၀၈၊ ၀၉-၅၁၃၈၂၀၅သို့ ဆက်သွယ်ပါ။

ရွာရန်ရာနှုန်း ၄၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

သထုံမြို့နယ်အသင်း(ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် အသင်းသား၊ အသင်းသူများ စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၈ရပ်ကွက် ဇေယျသိဒ္ဓိလမ်းရှိ ဟိတကာရီစာသင်တိုက်၌ အောက်တိုဘာ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကထိန်သင်္ကန်းအတွက် လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၂၁၄၆၁၁၊ အတွင်းရေးမှူးဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄၊ ဒေါ်ခင်မကြီး ဖုန်း-၅၇၇၆၅၈နှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ပြီး အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

တော်ဝိစံပြကျေးရွာဘုရားကြီးကျောင်း စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ဘုရားကြီးကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ကကြီးမှူး၍ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးခေမာစာရအမှူးပြုသော သံဃာတော်များအား ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလဆန်း၂ရက် (အောက်တိုဘာ၂၂ရက်)နံနက် ၉နာရီမှ ၁၀နာရီခွဲအထိ အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ကြီးအသင်း(ရန်ကုန်) နဝမအကြိမ် မဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘောဇသာသနာ့ဗိမာန်မိသားစုနှင့် တောင်ကြီးအသင်း(ရန်ကုန်)မိသားစုတို့၏ နဝမအကြိမ်မြောက် မဟာဘုံကထိန်အလှူတော်ကို အောက်တိုဘာ၂၂ရက် တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇ သာသနာ့ဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ ရှမ်းပြည်နယ်သူနယ်သား မိသားစုများအား တက်ရောက်ကုသိုလ်ပါဝင်ကြပါရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသော ဝတ္ထုပစ္စည်းများကို ဖုန်း-၃၈၁၄၃၉၊ ၆၆၂၇၃၂၊ ၅၈၀၁၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုင်းဆတ်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ရက်မှ ၉ရက်အထိ လေယာဉ်ကွင်းလမ်းမှ မြို့တွင်းအထိ မြို့ဝင်အနော်ရထာလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ပေါင်းမြက်ရှင်းလင်းခြင်း၊ လမ်းဘေးရေမြောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေး အမှိုက်များ ရှင်းလင်းခြင်းနှင့် မြို့လယ်တြိဂံကျွန်းနှစ်ခုအတွင်း ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်အမှုဆောင်အရာရှိ ဦးမင်းဆွေဦးဆောင်၍ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းနှင့်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၈ရက်
(ဥပုသ်နေ့)
၁၄-၁၀-၂၀၀၆ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ယူးချောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၂၀)
၁၃:၄၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၃:၅၀ ၈။ **"ပတ္တလားဝိဘဉ်"** ဦးအောင်ပြည့်၊ စောနိုင်(ရှမ်းပြည်)၊ ညီဂျော်၊ ဂွမ်းပုံကြီး၊ ခင်ဦးသာ [ဒါရိုက်တာ-ထူးအောင် (မြမြင့်မိုရ်)]
၁၄:၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၃၅ ၁၀။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သု၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး (ဝ/သ ရန်ကုန်)]
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၁၀ ၇။ တေးဂီတအစီအစဉ်
၁၇:၂၀ ၈။ **"လှေကားသုံးထစ်ဆင်းတဲ့အခါ"** အရိုင်း၊ မင်းသူ၊ အေးသီတာ (ဒါရိုက်တာ-သိန်းဟန်-ဖီးနစ်)
၁၇:၃၀ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၇:၅၀ ၁၀။ Sunday Talk
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၁၉:၀၀ ၁၄။ Discovery
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟေမန်ဆောင်းရဲ့နေ့ရက်များ"** (အပိုင်း-၁၅)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၂၇)
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်

သိမ်းဆည်းရမိ သက်သေခံပစ္စည်း ပိုင်ရှင်ထံ ပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၃

ပုသိမ်ခရိုင် ရဲတပ်ဖွဲ့က အမှုဖြင့် သိမ်းဆည်းရမိသော သက်သေခံပစ္စည်းအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပွဲကို အောက်တိုဘာ ၁၀ရက်က ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ပစ္စည်းပိုင်ရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသည်ကြီး ရဲစခန်းမှူး ရဲအုပ်ရဲမြင့်က အသည်ကြီး ရဲစခန်းမှ သက်သေခံပစ္စည်းငွေကျပ် သိန်း၃၈၀ တန်ဖိုးရှိ စိန်လည်တုံဘယက်ကို ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်မျိုးထံ ပြန်လည်ပေးအပ်သည်။

အမှုဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက်က ပုသိမ်မြို့ အမှတ်(၆) နယ်မြေ အမှတ်(၂၇) မလီလမ်းနေ ဦးမောင်မောင်မျိုး နေအိမ်မီးခံသေတ္တာအတွင်းမှ စိန်လည်တုံဘယက်အား ခိုးယူခံရသဖြင့် အသည်ကြီး ရဲစခန်းမှူးနှင့် တာဝန်ရှိသူများ၏ ကြိုးပမ်းမှုကြောင့် တရားခံကို အမှုဖွင့်လှစ်ပြီး နာရီပိုင်းအတွင်း ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ပြီး သက်သေခံ ပစ္စည်းကို သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်သုံးယောက်တွဲ စစ်ကိုင်းတိုင်း(က)နှင့်(ခ) ဗိုလ်လုပွဲတက်

ရန်ကုန် အောက်တိုဘာ ၁၃

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲများကို အောက်တိုဘာ၆ရက် မှ ၁၅ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံခန်းမတွင် ကျင်းပရာ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း (က)အသင်းနှင့် (ခ)အသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီး ရေဝတီတိုင်း(က)အသင်း တတိယရရှိသည်။

အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ယမန်နှစ်ချန်ပီယံ ရေဝတီတိုင်း(က)အသင်းက ပထမ၊ ရေဝတီတိုင်း (ခ) အသင်းက ဒုတိယနှင့် ရန်ကုန်တိုင်း အသင်းက တတိယရရှိထားသည်။

ကွာတားဖိုင်နယ်

ယနေ့ နှစ်ယောက်တွဲ ကွာတားဖိုင်နယ်ပွဲများ ယှဉ်ပြိုင်ကြရာ အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း(ခ)အသင်းက ရေဝတီတိုင်း(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ရေဝတီတိုင်း (ခ) အသင်းက ရှမ်းပြည်နယ်တောင်ပိုင်း(ခ)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်း(က)အသင်းက ရန်ကုန်တိုင်း(ခ)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ သို့ တက်ရောက်သွားကြသည်။

အမျိုးသမီး နှစ်ယောက်တွဲ ကွာတားဖိုင်နယ်ပွဲများ ယှဉ်ပြိုင်ကြရာ ရေဝတီတိုင်း(ခ)အသင်းက ရန်ကုန်တိုင်း(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်က ပဲခူးတိုင်း (ခ) အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊မွန်ပြည်နယ်(က)အသင်းက မွန်ပြည်နယ်(ခ)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အကြိုဗိုလ်လုပွဲ

အောက်တိုဘာ ၁၄ ရက် **(ယနေ့)** တွင် အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲများ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်တွင် ရေဝတီတိုင်း (က) အသင်းမှ ဘိုဘိုသန့် ညာခြေရိုက်ချက်ကို စစ်ကိုင်းတိုင်း (ခ)အသင်းမှ ဝင်းလှိုင်က ညာခြေဖြင့်ခုန်၍ ဟန့်တားစဉ်။

(မြန်မာ့အလင်း)

ဝီဂန်အိမ်ကွင်း၌ မန်ယူတို့ ခက်ခက်ခဲခဲ ဖြတ်ကျော်ရမည်ဖြစ်ပြီး ရီဒင်းတို့ ညှော်ခံမှုနှင့်ကြုံရမည့် ချယ်လ်ဆီးတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၈)

ပရီမီယာလိဂ်ပွဲစဉ်(၇)၌ ချယ်လ်ဆီးတို့ သရေပွဲဖြစ်ပြီး လီဗာပူးတို့ ရှုံးပွဲကြုံခဲ့သလို ပို့စ်မောက်လည်း နိုင်ပွဲရပ်ခဲ့သဖြင့် ပြိုင်ဆိုင်မှုပြင်းထန်လာနေသော ပရီမီယာလိဂ်သည် ပွဲစဉ်တိုင်းရင်ခုန်စရာဖြစ်လာပေပြီ။ ပွဲစဉ်(၈)ကို အောက်တိုဘာ ၁၄ရက်နှင့် ၁၅ရက်များ၌ ဆက်လက်ကစားမည်ဖြစ်ရာ မန်ယူက ဝီဂန်နှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ချယ်လ်ဆီးက ရီဒင်းနှင့်ဆုံတွေ့ရမည်ဖြစ်သဖြင့် ပွဲကျပ်ဖြစ်နေသော်လည်း အာဆင်နယ်က ဝက်ဖို့ဒ်နှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်ရာ ပွဲချောင်လျက်ရှိသည်။

မန်ယူတိုက်စစ်မှူး စီရိုနယ်ဒို။

ဝီဂန်နှင့်မန်ယူ

အိမ်ကွင်းရှုံးပွဲမရှိသေးသောဝီဂန်ကို မန်ယူတို့ ခက်ခက်ခဲခဲကစားရမည် ဖြစ်သည်။ မန်ယူ၏ ကွင်းလယ်ကစားကွက်မှာလည်း အားရဖွယ်မကောင်းရာ မန်ယူတိုက်စစ်မှူးများ ကွင်းလယ်အထိ ဘောလုံးဆင်းယူပြီး ကစားရဖွယ်ရှိနေသည်။ မန်ယူ၏ကာလရှည်အနားယူခဲ့ရသော ဆိုးလ်ရှားက ဂိုးများသွင်းနိုင်နေသဖြင့် မန်ယူတို့ တိုက်စစ်ပြန်လည်မာကျောလာလျက်ရှိသည်။

မန်ယူတွင် လူစုံကစားနေနိုင်သဖြင့် ဂိုးသွင်းနိုင်သူများနေရာ ဝီဂန်တို့အိမ်ကွင်းဖြစ်သော်လည်း မန်ယူကို ခြေရည်တူကစားရန် တော်ရုံကြိုးစား၍ ရမည်မဟုတ်ချေ။ ရွန်နေ၊ စီရိုနယ်ဒိုနှင့် ဆာဟာတို့ ခြေတွေ့ပါက ဝီဂန်ကို ဂိုးပြတ်အနိုင်ရသွားနိုင်သည်။

ဝီဂန်တွင် ဟက်စကီး၊ ဖစ်ဖ်ဟောနှင့် ဒန်နီလန်းဇက်တို့က အသင်း၌ ယခုနှစ်မှပြောင်းရွှေ့ရောက်ရှိလာသော်လည်း အံဝင်ခွင်ကျဖြစ်လျက်ရှိနေရာ ဝီဂန်တို့ ခံကစားပါက အဖြေတစ်မျိုးထွက်သွားနိုင်သည်။

ရီဒင်းနှင့်ချယ်လ်ဆီး

မန်ယူကို အိမ်ကွင်း၌တစ်ဂိုးစီ သရေကစားခဲ့သော ရီဒင်းနှင့်ချယ်လ်ဆီးတို့ တွေ့ပြီဖြစ်သည်။ ရီဒင်းသည် ယခုနှစ်မှ ပရီမီယာလိဂ်သို့ တက်ရောက်လာသော်လည်း ခြေစွာလွန်းသည်ဖြစ်ရာ အိမ်ကွင်းရှုံးပွဲမရှိသေးချေ။

ရီဒင်းနောက်တန်းသည် သိပ်သည်းကျစ်လျစ်စွာ ကစားတတ်သည်ဖြစ်ရာ ချယ်လ်ဆီးတိုက်စစ်မှူးများ ဖြစ်သည့် ဒရော့ဘာ၊ ရှက်ဗ်ချင်ကိုတို့ ဖြတ်ကျော်ဂိုးသွင်းရန် ခက်ခဲမည်ဖြစ်သည်။ ရီဒင်းတိုက်စစ်မှူး ဒွိုင်လီသည် ဂိုးသွင်းခြေမှန်သူဖြစ်ရာ တောင့်တင်းသော ချယ်လ်ဆီးနောက်တန်းကို မည်သို့ဖြတ်ကျော်ဂိုးသွင်းနိုင်မည်ကို ကြည့်ရမည်ဖြစ်သည်။

သို့သော် ရှေ့၊ နောက်၊ လယ် ကစားအားကောင်းပြီး အရန်လူများကအစ တောင့်တင်းခိုင်မာနေသော ချယ်လ်ဆီးကို ရီဒင်းတို့သရေကျအောင် ကြိုးစားကစားရမည်ဖြစ်သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုလည်း သရေပွဲ၊ ရှုံးပွဲများကို လက်ခံမည် မဟုတ်ရာ နိုင်ပွဲရအောင်ကစားပြီး သုံးမှတ်အပြည့်ရအောင် ယူနိုင်ရန် ကြိုးစားမည်ဖြစ်သည်။

အာဆင်နယ်နှင့် ဝက်ဖို့ဒ်

ခြေမှန်ပြန်ရလာသော အာဆင်နယ်သည် ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်တို့၌ နိုင်ပွဲများရလျက်ရှိနေရာ စိတ်ဓာတ်တက်ကြွလျက်ရှိနေသည်။ အာဆင်နယ်ရောက် ဂါးလက်စ်က လည်း ခြေစွမ်းပြဂိုးသွင်းနိုင်ပြီး ဟင်နရီနှင့် ဗန်ပါစီတို့ကလည်းဂိုးသွင်းနိုင်ကြသူများဖြစ်ရာ ဝက်ဖို့ဒ်ကို ဂိုးပြတ်သွင်းမသွင်းသာ ကြည့်ရန်လိုပေသည်။

အတန်းတက်လာသည့် ဝက်ဖို့ဒ်တို့ အာဆင်နယ်ကို အနိုင်ယူရန်မှာအိပ်မက်သဖွယ်ဖြစ်နေရာ ဂိုးမပြတ်ရေးကိုသာ အာရုံစိုက် ကစားရမည်ဖြစ်သည်။ သို့သော် ဖူလ်ဟမ်ကို သုံးဂိုးစီ သရေကစားထားသော ဝက်ဖို့ဒ်၏ ခြေစွမ်းက ကောင်းနေပြန်ရာ အာဆင်နယ်တို့ အရန်လူများကိုသာ ထုတ်သုံးပါက သင်ခန်းစာရသွားနိုင်စရာရှိသည်။

လီဗာပူးနှင့်ဘလက်ဘန်း

အိမ်ကွင်းနိုင်ပွဲရအောင် ကစားတတ်သော လီဗာပူးတို့ ပုံမှန်ခြေရနေသော ဘလက်ဘန်းကို အိမ်ကွင်းဖြစ်သော်လည်း ခြေကုန်ထုတ်ကစားမှသာ ရလဒ်ကောင်းနိုင်မည်ဖြစ်သည်။ လီဗာပူးတွင် ဂွန်ဇာလက်ဇ်၊ ကွတ်နှင့် ရီဆီတို့က ဂိုးသွင်းနိုင်ကြသလို ဘလက်ဘန်းတွင် နွန်ဒါနှင့် မက်ကာသေးတို့ကလည်း ဂိုးသွင်းနိုင်ကြသည်။

သုံးသပ်တင်ပြသူ–မောင်ချစ်ကြည်

မနှစ်က ရလဒ်အရ လီဗာပူးတို့က တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရထားသော်လည်း ယခုနှစ် ထိုရလဒ်မျိုးရရှိရန် မလွယ်ချေ။ သို့သော် ညှစ်ကစားပါက အဖြေတစ်မျိုးထွက်သွားနိုင်သည်။ နည်းပြ ဘင်နီတက်ဇ်က အသင်းရလဒ်မကောင်းသည့်အနေအထားမျိုး ခင်းကျင်းမည်မဟုတ်ရာ လီဗာပူးတို့ ခြေအသာစီးဖြင့် ကစားနိုင်မည်ဖြစ်သည်။

ဗီလာနှင့်စပါး

အိမ်ကွင်း၊ အဝေးကွင်း ရှုံးပွဲမရှိသေးသည့် အက်စတွန်ဗီလာကို စပါးတို့ အနိုင်ကစားရန်ခက်ခဲမည် ဖြစ်သည်။ ပို့စ်မောက်ကို အနိုင်ကစားခဲ့သော ခြေစွမ်းမျိုးရလျှင် စပါးတို့ နိုင်ပွဲဆက်နိုင်သည်။ သို့သော် နောက်တန်း တောင့်တင်းသော ဗီလာကို လွယ်လွယ်ကူကူအနိုင်ရမည်မဟုတ်ချေ။ ဗီလာတွင် မိုရေးနှင့် အက်ဘွန်လာဟောတို့က ဂိုးသွင်းနိုင်ကြသလို ဂိုးသွင်းသေချာသူများလည်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့သော်လည်း ယခုနှစ်၌ အက်စတွန်ဗီလာတို့ အနိုင်ကစားခွင့်ကြုံမည်ဖြစ်သည်။ အက်စတွန်ဗီလာတို့ အိမ်ကွင်း၌ ရှုံးပွဲမရှိစံချိန်ကို ဆက်လက် ထိန်းသိမ်းနိုင်မည့်ပွဲပင်ဖြစ်သည်။

မန်စီးတီးနှင့်ရှက်ဖီးလ်

နိုင်ပွဲလိုအပ်နေသော မန်စီးတီးတို့ ယခုပွဲ၌ သုံးမှတ်အပြည့်ရမည်ဖြစ်သည်။ မန်စီးတီးတိုက်စစ်မှူး ဆာဟာရက်စ်က ဂိုးသွင်းစွမ်းရည်ထက်မြက်လျက်ရှိရာ ရှက်ဖီးလ်တို့အနိုင်ရရန် မလွယ်ချေ။

မန်စီးတီးတွင် တိုက်စစ်၊ ခံစစ် သိသိသာသာ တိုးတက်လာရာ ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားလျက်ရှိနေသည်။ အဝေးကွင်းနိုင်ပွဲမရသေးသော ရှက်ဖီးလ်တို့ ယခုပွဲလည်း အနိုင်ရရန် မျှော်လင့်၍ မဖြစ်နိုင်ချေ။

မစ်ဒယ်ဘရော့နှင့်အဲဗာတန်

ကစားအားကောင်းသော မစ်ဒယ်ဘရော့တို့ မိမိကွင်းဖြစ်သော်လည်း အဲဗာတန်ကိုအနိုင်ယူရန် အခွင့်အရေး သိပ်မရှိချေ။ အဲဗာတန်သည် အဝေးကွင်း၊ အိမ်ကွင်း ခြေမာသောအသင်းဖြစ်ရာ ရှုံးပွဲလည်းမရှိသေးသည့် အသင်းဖြစ်သည်။ အဲဗာတန်တွင် မန်ယူမှ အငှားချထားသော တင်ဟောင်းဝပ်ကလည်း လက်စွမ်းပြနေသလို တိုက်စစ်မှူး အန်ဒီဂျွန်ဆင်ကလည်း ဂိုးသွင်းထက်မြက်နေရာ မစ်ဒယ်ဘရော့တို့ စုစည်းမှုအားနည်းမှုက သရေပွဲဖြစ်အောင်ပင် ကြိုးစားရန်းကန်ရမည့်အခြေအနေဖြစ်သည်။ မစ်ဒယ်ဘရော့တွင် မောရစ်ဆင်၊ ဒေါင်နင်း၊ ဒေးဗစ်နှင့်ပိုကာတက်ဖ်တို့ ခြေပေါ်လျှင် အဲဗာတန်တို့နိုင်ပွဲရရန် အစွမ်းကုန် အားထုတ်ရမည်ဖြစ်သော်လည်း အဲဗာတန်တို့သာ အလေးသာဖွယ်ရှိနေသည်။

ပို့စ်မောက်နှင့်ဝက်ဟမ်း

ယခုနှစ်၌ ဂလန်းဂျွန်ဆင်၊ ဒေးဗစ်သွမ်ဆင်နှင့် ဆိုးလ်ကမ်းဘဲလ်တို့ရောက်လာသဖြင့်တောင့်တင်းလာသော ပို့စ်မောက်သည် ပွဲစဉ်(၇)၌ စပါးကိုရှုံးခဲ့သော်လည်း ယခု ဝက်ဟမ်းနှင့်ပွဲကို အနိုင်ကစားမည်ဖြစ်သည်။ မနှစ်က တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သော်လည်း ပို့စ်မောက်တို့ ခြေစွမ်းပြနိုင်နေရာ အိမ်ကွင်း၌ ဝက်ဟမ်းကို အနိုင်ကစားမည်ဖြစ်သည်။ ပို့စ်မောက်တွင် လွှာလွှာနှင့် ကနူးတို့ ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်ကစားနိုင်လျှင် ဝက်ဟမ်းတို့မလွယ်ချေ။ ဝက်ဟမ်းတွင် ဂိုးသွင်းနိုင်သူမှာ ဇာမိုရာတစ်ဦးတည်းသာရှိနေရာ တိုက်စစ်တွင် ပို့စ်မောက်ကို မယှဉ်နိုင်ချေ။ ပို့စ်မောက်တို့ နိုင်ပွဲရမည့်အခြေအနေရှိသည်။

ပို့စ်မောက်တိုက်စစ်မှူး ကနူး။

နယူးကာဆယ်နှင့်ဘော်လ်တန်

ဘော်လ်တန်တို့ခြေစွာသော်လည်း မနှစ်က နယူးကာဆယ်ကွင်း၌ သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသောအကြွေးကို ပြန်ဆပ် ရန်အပြင်းအထန် ကြိုးစားမှုရပေမည်။ နယူးကာဆယ်တွင် ဒပ်ဖ်၊ မာတင်တို့က ဂိုးသွင်းစွမ်းရည်မြင့်သလို ဘော်လ်တန်၌ စပိဒ်နှင့် နိုလန်တို့ကလည်း အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်ကြသည်။

နယူးကာဆယ်တို့ လက်ရှိခြေစွမ်းဖြင့် ဘော်လ်တန်တို့ကို အနိုင်ယူရန် ခက်ခဲမည်ဖြစ်ရာ မနှစ်ကရှုံးကြွေးကို ဘော်လ်တန်တို့ ပြန်ဆပ်ခွင့် ကြုံမည့်ပွဲပင်ဖြစ်သည်။

ဖူလ်ဟမ်နှင့်ချာလ်တန်

ပွဲတိုင်းနီးပါးရှုံးနေသော ချာလ်တန်တို့ ယခုပွဲလည်း အနိုင်ရရန် မလွယ်ချေ။ ချာလ်တန်မှ ဟက်ဆယ်ဘိမ့်၊ ဝေါလ်တန်နှင့် ဆိုရွန်ဒိုတို့လည်း ခြေစွမ်းမပြနိုင်ဘဲရှိရာ ချာလ်တန်သည် ယခုနှစ် တန်းမဆင်းရရေးပင် ဦးတည်ကြိုးစားရတော့မည့်အနေအထားရောက်နေသည်။

ဖူလ်ဟမ်တွင် မက်ဘရစ်၊ ဘိုကာနီဂရာတို့က ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ ချာလ်တန်နောက်တန်းကို ကျော်ဖြတ်ပြီး အနိုင်ဂိုးများသွင်းယူကြမည်ဖြစ်သည်။ ဖူလ်ဟမ်တို့ ယခုပွဲ၌ သုံးမှတ်အပြည့်ရမည့် အနေအထားရှိသည်။

(အင်တာနက်)

ရန်ကုန် အောက်တိုဘာ ၁၃

အဆင့်မြင့်ရုံများ၌ နိုင်ငံခြားဇာတ်ကားများရုံဝင် မိုက်တီးလေးများဆက်လက်အောင်ပွဲခံပြသနေ

ရန်ကုန်မြို့လယ် အဆင့်မြင့်ရုံများတွင် နိုင်ငံခြားဇာတ်ကားများ ရုံဝင်လာပြီး မြန်မာဇာတ်ကားသစ်များ ယခုသောကြာပတ်အထိ ရုံဝင်လာခြင်းမရှိသေးပေ။

ဆက်လက်ပြသ

မင်္ဂလာအဆင့်မြင့်ရုံတွင် x-men (3) the Last Stand ဇာတ်ကား ရုံဝင်လာပြီး ရှေ့ဆောင်ရုံတွင် Superman Returns ဇာတ်ကား ဆက်လက်ပြသဆဲဖြစ်သည်။ နေပြည်တော်ရုံတွင် Pirates of the Caribbean Dead Man's Chest ဇာတ်ကား ဆက်လက်တင်ဆက်လျက်ရှိသည်။

အောင်ပွဲခံ

မိုက်တီးလေးများဇာတ်ကားမှာ သမ္မတနှင့် သွင်ရုံများတွင် ဆက်လက်အောင်ပွဲခံနေသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် ဂျိန်းစဘွန်းဇာတ်ကား Octopussy တစ်ကျော့ပြန်ရုံဝင်လာပြီး ရွှေဂုန်ရုံအောက်ထပ်တွင် Kya Kehna အိန္ဒိယ ဇာတ်ကား ပြသလျက်ရှိသည်။ Kya Kehna တွင် မင်းသား ဆာ့ဖ်အလီခန်းနှင့် မင်းသမီး ပရင်တီးဇင်တားတို့ ခေါင်းဆောင်ပါဝင်ပြီး အိမ်ထောင်ဖက်ရွေးချယ်ရာတွင် ချစ်ရုံသက်သက်ဖြင့် မရွေးချယ်သင့်ဘဲ ဒုက္ခ၊ သုခ၊ သောကဟူသမျှကို မျှဝေခံစားနိုင်သူကိုသာ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သင့်ပုံကို ပညာပေးရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

မိုက်တီးလေးများဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကားသစ် Qayamat ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အက်ရှင်မင်းသား အာဂျေးဒေ့ဂန်၊ ဆူနီးလ်ရှက်သီး၊ ဆန်ဂျေးကူးမားလ်တို့ ခေါင်းဆောင်ပါဝင်ထားပြီး အကြမ်းဖက်အဖွဲ့ကို အထူးကွန်မန်ဒိုအဖွဲ့က တိုက်ခိုက်ချေမှုန်းလိုက်ပုံများကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရုပ်ရှင်သတင်းထောက်

ဆုထူးပန်ရုံတွင် ကိုယ်ပျောက်ဝိဇ္ဇာ Mr.India ဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အိန္ဒိယနိုင်ငံကို ဘေးအန္တရာယ်မှ ကယ်တင်ပေးမည့် ကိုယ်ပျောက်ဝိဇ္ဇာ Mr.India နှင့် သတင်းထောက်မလေး စရီဒေဝီတို့၏ စွန့်စားခန်းကို အဆန်းတကြယ် ရိုက်ကူးထားသော ဇာတ်လမ်းဖြစ်သည်။ မြို့လယ်ဘုရင့်ရုံတွင် မင်းသားရှာရွတ်ခန်း ခေါင်းဆောင်ပါဝင်ထားသော chaahat လိုအင်ဆန္ဒအမည်ရ ဇာတ်ကား ရုံဝင်လာသည်။ လိုအင်ဆန္ဒကို စတိတ်ရိုးများ၊ အကများဖြင့် ပေါင်းစပ်တင်ဆက်ထားသည်။

အမုန်းကေသရီ

ရွှေဇာဟို၊ ဘုရင့်နောင်၊ ရောဝတီနှင့် မြရတနာရုံများတွင် မို့မို့မြင့်အောင် ခေါင်းဆောင်သော အမျိုးသမီးသရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားသော အမုန်းကေသရီဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ အက်ရှင်အသားပေး ပညာပေးဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း ရာပြည့်ဩဝါဒ ခံယူပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁) ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သော လယ်တီဝိပဿနာခုနစ်ရက်တရားစခန်းအထိမ်းအမှတ်ရာပြည့် ဩဝါဒခံယူပွဲအခမ်းအနားကို အောက်တိုဘာ ၆ရက် (သီတင်းကျွတ်လပြည့်) နံနက် ၉နာရီက ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်လမ်းရှိလယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပရာ ယောဂီများ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများက စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ နေနတ်သားကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကဘဒ္ဒန္တ ဇနကထံမှ နဝင်္ဂသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်(၁) လယ်တီဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်တို့၏ ပဓာနနာယက ကလေးဝဆရာတော်လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ၊ စမ်းချောင်းမြို့နယ်ပံသာဝတီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဝန၊ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်ဩဝါဒါစရိယ တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိကိုယ်စား ထောက်ကြန့်ချောင်းဦးဆရာတော်အရှင်ဓမ္မရက္ခိတ (ချောင်းဦး မောင်စန္ဒာ)တို့က ဩဝါဒကထာများ ချီးမြှင့်ကြပြီး လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်(ရန်ကုန်) ဥက္ကဋ္ဌ ဦးနန်းနွယ်က ဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြသည်။

လယ်တီ ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်မှ ဝိပဿနာတရားစခန်း (၆၈) ဌာနကို အဖွဲ့ချုပ်တည်ရှိရာ မုံရွာ၊ ပျဉ်းမနား၊ ရန်ကုန်မြို့တို့၌ ဖွင့်လှစ်ထားရှိပြီး တရားစခန်းအကြိမ်ပေါင်း (၃၄၁) ကြိမ်ဖွင့်လှစ်ခဲ့ရာ ယောဂီပေါင်း ၅၁၄၅၁ ဦး အားထုတ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက်မိဘများနှင့် ဦးထွန်းရွှေ (၁၀)နှစ်ပြည့်အားရည်စူး၍ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း အမှတ် ၁၉ နေ ဒေါ်ရင်မြနှင့် သား ဦးဝင်းမြင့်-ဒေါ်သစ်ရွှေမြေး မနွယ်နီအေးမိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းတစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော်၊ အမှူးဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ဇလွန် မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး ဆီမီး၊ ပန်းနှင့်ရေချမ်းကိုးထောင်စီ ကပ်လှူပူဇော်

ဇလွန် အောက်တိုဘာ ၉

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား (၁၆)ကြိမ်မြောက် ဆီမီးကိုးထောင်နှင့်ပန်းကိုးထောင်၊ ရေချမ်းကိုးထောင်ကပ်လှူပူဇော်ပွဲကြီးကို ၁၃၆၈ ခုသီတင်းကျွတ်လဆန်း ၁၄ရက်မှ လပြည့်ကျော် ၁ရက်အထိ ညစဉ် ၇ နာရီမှ စတင်၍ ကပ်လှူပူဇော်ကြသည်။

သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆီမီးကိုးထောင်၊ ပန်းကိုးထောင်၊ ရေချမ်းကိုးထောင်ပူဇော်ပွဲ မုခ်ဦးကို မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေး ဦးဆောင်၍ မြို့နယ်သာသနာရေးဦးစီးမှူး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဆီမီးကိုးထောင် အကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆီမီးစတင်ထွန်းညှိပူဇော်ပွဲကို ဆက်လက်ကျင်းပရာမြို့နယ်သံဃနာယကအဖွဲ့အတွင်းရေးမှူး ဆရာတော်ဦးအာစိဏ္ဏက ဆီမီးစတင်ထွန်းညှိပူဇော်ပေးပြီး မြို့နယ်ဥက္ကဋ္ဌဦးယဉ်ထွေးနှင့် အတူဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းများ၊ ပရိတ်အသင်းများ၊ အလှူရှင်များနှင့် အကျိုးတော်ဆောင်များက ဆီမီး၊ ပန်း၊ ရေချမ်းကိုးထောင်စီ ကပ်လှူပူဇော်ကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ပြည်တော်ပြန်ဘုရားကြီးအား အမှူးထား၍ ဆရာတော်သံဃာတော် ၄၅ ပါးတို့အား ဆက်ကပ်လှူဒါန်းပြီး လျှပ်စစ်ရောင်စုံမီးများနှင့်မီးပုံးပျံကြီးများကို တစ်ညလျှင် ငါးလုံးစီလွှတ်တင် ပူဇော်ခဲ့ကြသည်။ **(၁၂၈)**

ဒေါ်နီနှင့် ဒေါ်မြမြတို့အားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းနှင့်ပြည်လမ်းထောင့် အမှတ် ၃၂၀နေ ညီမဒေါ်ကြည်ကြည်အေးက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက်အလှူငွေ ကျပ် ၅၀၀၀၀၀ကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိသုဘဒ္ဒါအဖွဲ့အမှူးဆောင် ဒေါ်ခင်ညိုထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ အောက်တိုဘာ ၁၁ ရက်က အလယ်ရွှေဂုံတိုင်ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ တာချီလိတ်၌ကျင်းပ

တာချီလိတ် အောက်တိုဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ကကြီးမှူး၍ (၄၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ၂၀၀၆ခုနှစ် မှုခင်းများ ဖော်ထုတ်ဖမ်းဆီးရာတွင်စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များအားတာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

အုတ်ရိုးစီရေကာနံရံ တည်ဆောက်ပြုပြင်

ဆီဆိုင် အောက်တိုဘာ ၁

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်ထောင်စုလမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် အထက်တန်းကျောင်းရှေ့လမ်းဘေး ရေနုတ်မြောင်းကို အုတ်ရိုးစီ ရေကာနံရံတည်ဆောက်ပြုပြင်မှုကို စက်တင်ဘာ ၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းဖေတို့ လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

ကြံခင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသူ၊ကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၆ ရက်က အဆိုပါကျောင်း အောင်ကျော်ခန်းမ၌ကျင်းပရာ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးစန်းလွင်က အဖွင့်အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

တစ်မိုးနှစ်သီး မိုးစပါးစံကွက်စိုက်ကွင်း ရွှေသွယ်ရင်စပါးရိတ်သိမ်း၊ မိုးစပါးစိုက်ပျိုး

မိတ္ထီလာ အောက်တိုဘာ ၁

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ညောင်ကိုင်း ကျေးရွာအုပ်စု ညောင်ကိုင်းကျေးရွာ၌ တစ်မိုးနှစ်သီး မိုးစပါးစံကွက်စိုက်ကွင်း အမှတ် ၈၅၆(ညောင်ကိုင်းကွင်း)နှင့် ဦးပိုင်အမှတ် ၄၃၀ တောင်သူဦးကျော်ရင် ဧရိယာဧက ၁ဒသမ ၇၄ ဧကတွင် စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီက ရွှေသွယ်ရင်စပါးရိတ်သိမ်းခြင်းနှင့်မိုးစပါးစိုက်ပျိုးခြင်းတို့ဆောင်ရွက်သည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တောင်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်တွင် တောင်သူဦးကျော်ရင်၏ ၁ ဒသမ ၇၄ ဧက၌ ရွှေသွယ်ရင်စပါးကို ရိတ်သိမ်းချွေလှေ့ရာ အထွက်နှုန်းမှာ တစ်ဧက ၈၂ ဒသမ ၀၅ တင်းထွက်ရှိသည်။

ဆက်လက်၍ မိုးစပါးကိုစိုက်ပျိုးကြရာ မိုးစပါးလျာထား ၄၉၇၇၅ ဧကမှ ဧက ၃၇၃၄၀ကို စိုက်ပျိုးပြီးဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်၍ ခမ်းခမ်းနားနားစီမံ နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးဖြစ်၍ အစွမ်းကုန်ယှဉ်ပြိုင် အမှန်တကယ်ရသင့်ရထိုက်သူများ ထိုက်တန်သည့်ဆုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၃

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူများ တွေ့ဆုံပွဲကို ယနေ့ညနေ ၅နာရီက နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✱

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အောက်တိုဘာ ၁၂ရက်က **နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ်ရှိ ငလိုက်ရေလှောင်တမံ ရေထိန်းမျှော်စင်ကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်း-စာ ၁၁)(သတင်းစဉ်)

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့နှင့်စပ်လျဉ်း၍ ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။
(သတင်းစဉ်)

နိုင်ငံတော်၏တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ပျက်စီးအောင်ကြံရွယ်

အမေရိကန်က ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးစွက်ဖက်မှုအား ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့၊ ငြိမ်းချမ်းရေးမြို့သစ်၊ ကရင်ပြည်နယ်၊ ဘားအံမြို့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ၂၃ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့
ငြိမ်းချမ်းရေးမြို့သစ်၊ ကရင်ပြည်နယ်၊ ဘားအံမြို့၏ သဘောထားထုတ်ပြန်ကြေညာချက်

နေ့စွဲ ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်

၁။ အမေရိကန်နှင့် အပေါင်းပါတစ်စုသည် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် မြန်မာနိုင်ငံအခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသော အကြောင်းပြချက်မှာ ကြောင်းကျိုးခိုင်လုံမှုမရှိ

စာမျက်နှာ ၁၁ ကော်လံ ၃ ❒

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လုပ်ရပ်များအပေါ် ယုံကြည်အားကိုးမှုမရှိတော့သဖြင့် ဒီပဲယင်းမြို့နယ် NLD ပါတီဝင် ၃၇ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် အောက်တိုဘာ ၁၃

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင် အပါအဝင် ပါတီဝင် ၃၇ ဦးတို့သည် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး ဇွန် ၁၇ရက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့အနေဖြင့် NLD ပါတီနှင့် ပါတီ၏လုပ်ရပ်များအပေါ် လုံးဝယုံကြည်အားကိုးမှုမရှိတော့၍ ယခုကဲ့သို့ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ခြင်းဖြစ်ပါကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေဟာ သူတို့အနောက်အရင်းရှင်အုပ်စုနဲ့ အရှေ့ဆိုရှယ်လစ်အုပ်စုတို့ အားပြိုင်ခဲ့တဲ့ စစ်အေးတိုက်ပွဲမှာ အရှေ့ဆိုရှယ်လစ်အုပ်စုကြီး ကျဆုံးသွားမှုအပေါ် သွေးနားထင်ရောက်ပြီး အခုလိုတစ်ကျော့ပြန် ခေါင်းထောင်လာတာဖြစ်တယ်။ ဒါ့အပြင် ကမ္ဘာကြီးတစ်ခုလုံးကို အလွယ်တကူ သူတို့လိုတဲ့ ပုံသွင်းနိုင်ပြီလို့ မှားယွင်းစွာ တွက်ဆလာပါတယ်။ အနောက်ပုံစံနဲ့ တစ်ကမ္ဘာလုံးကို အကျပ်ကိုင်ပြီး အနောက်ပုံစံဖြစ်အောင် ဖန်တီးဖို့ ဖြစ်၏။

အောင်မိုးစံ ၏ မြန်မာ့စံ မြန်မာ့မူနဲ့ ပြောင်းလဲတိုးတက်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို ဘယ်ပြည်ပ ဖိအားနဲ့မှ မတားဆီးနိုင် ဆောင်းပါး (စာ-၃-၅)

14-10 (20) 1 10/14/06, 1:11 AM